
# ဘာတွေ
# ဘယ်လို
# ပြောင်းကြမလဲ

## ခင်မောင်ညို (ဘောဂဗေဒ)



mgyoe.com

mgyoe.com




kmn0039
2700.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မရိုးရိုလမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၇၀၀ ကျပ်

ဘာတွေဘယ်လိုပြောင်းကြမလဲ
ခင်မောင်ညို(ဘောဂဗေဒ) - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄။
စာမျက်နှာ ၂၄၀ မျက်နှာ၊ ၁၄ စင်တီ x ၂၁ စင်တီ
(၁) ဘာတွေဘယ်လိုပြောင်းကြမလဲ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဘာတွေ ဘယ်လိုပြောင်းကြမလဲ

ခင်မောင်ညို(ဘောဂဗေဒ)

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရင်းနှီးမြှုပ်နှံမှုတွေတိုးတာ သာမန်ပြည်သူတွေ အကျိုးရှိသလား | ၇ |
| ၂။ | ဂျပန်နှင့် အရှေ့တောင်အာရှ | ၁၁ |
| ၃။ | မြန်မာ့အပြောင်းအလဲကို တရုတ်နိုင်ငံ၏တုံ့ပြန်မှုများ (၂) | ၁၅ |
| ၄။ | တရုတ်နိုင်ငံ၏ မဟာဗျူဟာ ဦးစားပေး အစီအစဉ်များ | ၁၈ |
| ၄။ | မြန်မာ့အပြောင်းအလဲကိုတရုတ်နိုင်ငံ၏တုံ့ပြန်မှုများ (၃) | ၂၀ |
| ၅။ | ပြည်ပရောက်မြန်မာလုပ်သားများက ပြန်ပို့သောငွေကြေးများ | ၂၄ |
| ၆။ | လူ သန်း ၁၀၀၀ ဆင်းရဲတွင်းက လွတ်ပြီ | ၂၈ |
| ၇။ | လယ်သမားကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေနှင့် အနိမ့်ဆုံး အာမခံ ဆန်ဈေးနှုန်းတို့အပေါ် နိုင်ငံတကာစီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာလှမြင့်၏ ထင်မြင်ချက် | ၃၃ |
| ၈။ | မြန်မာလျှောက်ရမယ့် ခြေလှမ်းဆယ်လှမ်း | ၃၉ |
| ၉။ | ၂၀၁၃ မြန်မာ့ပြုပြင်ပြောင်းလဲရေး ဆွေးနွေးမှုများ (၁) | ၄၄ |
| ၁၀။ | ၂၀၁၃ မြန်မာ့ပြုပြင်ပြောင်းလဲရေး ဆွေးနွေးမှုများ (၂) | ၄၇ |
| ၁၁။ | အမေရိကန်တို့၏တရုတ်ကြောက်ရောဂါ | ၅၁ |
| ၁၂။ | ကမ္ဘာ့နိုင်ငံရေး စီးပွားရေးအလယ်က မြန်မာနိုင်ငံ | ၅၆ |
| ၁၃။ | တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း '၁'နှင့်ပတ်သက်၍ ထင်မြင်ချက်နှင့် အကြံပြုချက်များ | ၅၉ |
| ၁၄။ | မြန်မာ့ဆင်းရဲနွမ်းပါးမှု | ၆၉ |
| ၁၅။ | အာရှဒေသလူမှုဖူလုံရေး | ၇၄ |


mgyoe.com

mgyoe.com


၁၆။ ဒေါ်လာဈေး ဘယ်သောက်အထိတက်မလဲ ၇၇

၁၇။ အာရှဒေသ၏စီးပွားရေးအောင်မြင်မှု အကြောင်းတရား ၈၂

၁၈။ နာမည်တွေကပြောတဲ့စကား ၈၅

၁၉။ လယ်သမားအကျိုး ကာကွယ်ခြင်း၊ မြှင့်တင်ခြင်း ၈၉

၂၀။ မြန်မာနိုင်ငံသို့ တရားဝင်ဖွံ့ဖြိုးရေးအကူအညီ (ODA) ၉၂
ပြန်လည်ပေးအပ်ခြင်း မြန်မာ့အနေအထား

၂၁။ အရှိန်လျော့ ထွန်းသစ်စနိုင်ငံများ (၁) ၉၆

၂၂။ ဆင်းရဲနွမ်းပါးမှုရာပုံတော် ၁၀၀

၂၃။ စိတ်ချမ်းသာတဲ့သူတွေ ဘာတွေမလုပ်ကြသလဲ ၁၀၄

၂၄။ မြန်မာနိုင်ငံသို့ တရားဝင်ဖွံ့ဖြိုးရေး အကူအညီ ၁၁၀
ပြန်လည်ပေးအပ်ခြင်း မြန်မာ့အနေအထား (၂)

၂၅။ သာမန်အတိုးနှုန်းနှင့် ငွေရောင်းငွေဝယ် ၁၁၄

၂၆။ စီးပွားရေးနှင့် နိုင်ငံရေး အရောအစပ် ၁၁၈

၂၇။ မြန်မာနိုင်ငံကိုဖွံ့ဖြိုးရေးအကူအညီ ပြန်လည်ပေးအပ်ခြင်း ၁၂၂
မြန်မာ့အနေအထား (၃)

၂၈။ စပါးတွေ တောင်လိုပုံ ၁၂၆

၂၉။ အာဆီယံအသင်းကြီးအတွက် စိန်ခေါ်မှုများ ၁၂၉

၃၀။ မြန်မာနိုင်ငံကိုဖွံ့ဖြိုးရေးအကူအညီ ပြန်လည်ပေးအပ်ခြင်း ၁၃၃
မြန်မာ့အနေအထား (၄)

၃၁။ ရှေ့မတိုးနှင့် ၁၃၇

၃၂။ ပဋိပက္ခများမှ ဝေးရာသို့... ၁၄၁

၃၃။ ဗဟိုဘဏ်များ၏ဗျူဟာအပြောင်းအလဲ ၁၄၅

၃၄။ စွန့်စားတီထွင်အစိုးရ ၁၅၀

၃၅။ ၁၉၉၇–၉၈မှ ၂၀၁၃ သို့... ၁၅၄

၃၆။ ရင်းနှီးမြှုပ်နှံကြဖို့အရေး ၁၅၈

၃၇။ လက်ရှိစီးပွားရေးကိစ္စများနှင့်ရှေ့ခရီးအတွက် ၁၆၂
တွေးတောဆင်ခြင်မှုများ

၃၈။ အင်ဒိုနီးရှားနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း ၁၆၉
၁၀ နှစ်ခရီးအတွေ့အကြုံ

၃၉။ ဟယ်လိုဝင်းဖုန်းရွှေနှင့် စတော့ရှယ်ယာ ၁၇၃


mgyoe.com

mgyoe.com


၄၀။ တရုတ်နိုင်ငံ၏နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပြောင်းအလဲ ၁၇၆

၄၁။ ခြေတစ်လှမ်းနောက်ကျ အိန္ဒိယ ၁၈၀

၄၂။ တရုတ်ဆက်ဆံရေးအလားအလာတွေ ၁၈၃

၄၃။ အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုအတွေ့အကြုံ ၁၈၇

၄၄။ မြန်မာ့အနာဂတ်တည်ဆောက်ခြင်း (ခရစ်စတင်းလာဂဒ်) ၁၉၃

၄၅။ နိုင်ငံရေး ဘောဂဗေဒအမြင်နဲ့ကြည့်တဲ့ မျက်မှောက်ခေတ်မြန်မာနိုင်ငံ ၂၀၁

၄၆။ နိုင်ငံအဆင့် စီးပွားရေးအခြေခံများ မှန်ကန်ခိုင်မာစေကာ မြန်မာနိုင်ငံကို ဒေသစီးပွားရေး အဝိုင်းအဝန်း၊ ကမ္ဘာ့စီးပွားရေး အဝိုင်းအဝန်းတို့နှင့် ပြန်လည်ပေါင်းစည်းခြင်း ၂၀၅

၄၇။ လမ်းချော်ကုမ္ပဏီအကြီးအကဲ ၂၁၄

၄၈။ သဘောတူညီမှုမှရှေ့သို့ ၂၁၈

၄၉။ နိုင်ငံရေးနှင့် စီးပွားရေး ၂၂၂

၅၀။ နိုင်ငံအဆင့် စီးပွားရေး မူဝါဒ၏ အဓိပ္ပာယ်၊ ရည်ရွယ်ချက်၊ ညွှန်ကိန်းများနှင့် ကိစ္စရပ်များ ၂၂၄

၅၁။ အသက်တစ်ရာပြည့်သော်လည်းမအိုသေးသည့် အမေရိကန်ဗဟိုဘဏ် ၂၃၃

၅၂။ လူမှုစွမ်းဆောင်မှု နိုးထခရီးရှည် ၂၃၈


mgyoe.com

mgyoe.com

mgyoe.com


mgyoe.com

# ရင်းနှီးမြှုပ်နှံမှုတွေ တိုးတာ သာမန် ပြည်သူတွေ အကျိုးရှိသလား

လွန်ခဲ့သည့် နှစ် ၃၀ ခန့်က တရုတ်နိုင်ငံ တံခါးဖွင့်ခဲ့ပြီး နောက် မြန်မာနိုင်ငံက ကမ္ဘာ့စီးပွားရေးအဝန်းအဝိုင်းနှင့် ပြန်လည်ဆက်ဆံခြင်းသည် အာရှတွင် အလားအလာ အကောင်းဆုံး ဖွံ့ဖြိုးတိုးတက်မှုတစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံတွင် အစစအရာရာ လိုအပ်နေသော မထုတ်ဖော်ရသေးသည့် လူဦးရေ သန်း ၆၀ ရှိရာ ဈေးကွက်ရှိသည်။ သဘာဝ သယံဇာတတွေ ကြွယ်ဝသည့် တရုတ်–အိန္ဒိယ–အရှေ့တောင် အာရှအကြား မဟာဗျူဟာမြောက်နေရာတွင် တည်ရှိသည်။ ထို့ကြောင့် နယ်သစ် ပယ်သစ်တစ်ခုဟု သတ်မှတ် ခေါ်ဝေါ်ကြခြင်းသည် အံ့သြစရာမကောင်းလှပါ။ ထူးခြားသော မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခြင်းမရှိသည့် ရက်သတ္တပတ်ဟူ၍ မရှိ။

မကြာသေးမီက ၃၆ နှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် ဂျပန်ဝန်ကြီးချုပ် လာရောက်လည်ပတ်သည်။ ယခင်နှစ်က လက်ရှိ အမေရိကန် သမ္မတ လာရောက် လည်ပတ်သည်။



mgyoe.com

mgyoe.com

ဖို့ဒ်ကုမ္ပဏီက ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံတွင် ပထမဆုံး ကားသစ် အရောင်းပြခန်း ဖွင့်လှစ်မည်။ ကိုကာကိုလာက နှစ်ပေါင်းငါးဆယ်ခန့် အကြာတွင် ပထမဆုံး ပုလင်းသွင်း စက်ရုံကို မကြာမီ ဖွင့်လှစ်မည်။ မြန်မာနိုင်ငံမှာ ပထမဆုံး ငွေထုတ်စက်ကို စတင် အသုံးပြုနိုင်ပြီ။ Google ၏ အကြီးအကဲလည်း လာရောက်ခဲ့သည်။

ကမ္ဘာ့ထိပ်တန်းတံဆိပ်တွေ၊ ကုမ္ပဏီတွေ အားလုံးက မြန်မာနိုင်ငံ အတွင်းသို့ ဝင်ရောက်ရန် တန်းစီနေကြသည်။ ၎င်းတို့၏နောက်တွင် ကုမ္ပဏီငယ်များကလည်း အမှုဆောင် အရာရှိတွေလွှတ်ကာ အခွင့်အလမ်းတွေ မကုန်မီ တစ်စုံတစ်ရာ ရနိုင်ခြင်း ရှိ၊ မရှိ ရှာဖွေနေကြသည်။ အမေရိကန်က စီးပွားရေးပိတ်ဆို့မှု အတော်များများကို ရုပ်သိမ်းလိုက်သည်။ မကြာမီက ခရီးစဉ်အတွင်း ဝါရှင်တန်တွင် ရောက်ရှိနေစဉ် သမ္မတ ဦးသိန်းစိန်က ကုန်သွယ်ရေး သဘောတူညီချက်သစ်တစ်ခုလက်မှတ် ရေးထိုးခဲ့သည်။

ဥရောပ သမဂ္ဂကလည်း လက်နက်မှအပ အခြား ပို့ကုန်အားလုံး အတွက် စီးပွားရေးပိတ်ဆို့မှုတွေကို ရုတ်သိမ်းခဲ့ကာ မြန်မာကုမ္ပဏီများကို ဥရောပဈေးကွက်သို့ ဝင်ရောက်ရာတွင် ဦးစားပေး အစီအစဉ် (GSP) အရ အထူးခံစားခွင့်ရစေရန် စဉ်းစားလျက် ရှိသည်။ အစစအရာရာ အဆင်ပြေချောမွေ့သလို ဖြစ်နေသည်။

သို့သော် မြန်မာပြည်သူများက ၎င်းတို့ အကျိုးခံစားရသေးခြင်း ရှိ၊ မရှိ သိလိုကြသည့်အတွက် အပြစ်မတင်သင့်ပါ။ အရှေ့တောင် အာရှ အသင်းဝင် အဆင်းရဲဆုံးနိုင်ငံ တစ်နိုင်ငံမှ နိုင်ငံသားများ အနေဖြင့် ၎င်းတို့၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရန် သေချာပေါက်လိုအပ်နေသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၊ လက်ထောက် စီးပွားရေး ပညာရှင်ချုပ်က "ပြဿနာကတော့ စိတ်ဝင်စားတာတွေ အများကြီးရှိပေမယ့် တကယ့်ငွေ၊ တကယ့် ရင်းနှီးမြှုပ်နှံမှုကတော့ ဝင်မလာသေးတာပဲ။ သူတို့က အခြေအနေကို အကဲခတ်တယ်။ ပြီးတော့ အခက်အခဲတွေ၊ အဟန့်အတားတွေ ရှိတာကို သဘောပေါက်သွားကြတယ်။ အဲဒီတော့ နိုင်ငံထဲကို တကယ်တမ်း ငွေတွေ ဝင်မလာတော့ဘူးပေါ့" ဟု ဆိုသည်။

ယခင်နှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅ ဆတိုးခဲ့သည်ဟု ဆိုသော်လည်း ၂၀၁၁ ခုနှစ်က ဒေါ်လာ သန်း ၃၀၀ မျှသာရှိခဲ့ရာမှ တက်လာခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ လိုအပ်ချက်မှာသည်ထက်မက များပြားသည်။ အလွန်ဆင်းရဲပြီး ကျေးလက်တွင်လည်း အများစုနေထိုင်ကြသူများ အတွက် အလုပ်အကိုင်သစ် သန်းချီပြီး လိုအပ်သည်။ အခြေခံ အဆောက်အအုံများ အတွက်လည်း ရင်းနှီးမြှုပ်နှံမှု တော်တော်တန်တန် လိုအပ်လျက် ရှိသည်။

မြန်မာနိုင်ငံနှင့် ပတ်သက်သော အခက်အခဲတစ်ခုမှာ ဥပဒေအရ သေသေချာချာ၊ ရေရေရာရာ မရှိခြင်း ဖြစ်သည်။

ယခင်နှစ်က နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းခြင်း မပြုသေးမီ လပေါင်း

mgyoe.com

mgyoe.com

များစွာ ကြာအောင် အချေအတင် ဆွေးနွေးခဲ့ရသည်။ တရားဝင် ဘာသာပြန်ဆိုနိုင်ရန်လည်း အချိန်ပေးရသေးသည်။ ယခုထက်တိုင် အဓိပ္ပာယ်ကို သဘောမပေါက်တာတွေ ရှိနေသေးသည်။

အချို့သော အဆင်မပြေမှုတွေလည်း ရှိသည်။ ဥပမာ – ဒေသခံလုပ်ငန်းများကို အသုံးပြုရမည်ဟု လိုအပ်ချက် တစ်ရပ်အနေဖြင့် သတ်မှတ်ထားရာ လုပ်ငန်း အတော်များများတွင် တွဲလုပ်စရာ ဒေသခံလုပ်ငန်းများ မရှိပေ။ အမျိုးသား စီမံကိန်းနှင့် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒု ဝန်ကြီး ဦးဆက်အောင်က "ဥပဒေဟာ စင်းလုံးချော မဟုတ်သေးပါဘူး။ တဖြည်းဖြည်းချင်း ပြင်သွားရမှာပါ။ ကျွန်တော်တို့ အချိန်ပေး စောင့်ဆိုင်းနေလို့ မဖြစ်တော့ပါဘူး။" ဟု ဆိုသည်။ "ကျွန်တော်တို့ဟာ လုပ်သာကိုင်သာရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်တစ်ခု ဖန်တီးဖို့ လိုပါတယ်။ အခုက ကျွန်တော်တို့မှာ အထူး စီးပွားရေးဇုန် သဘောတရား ရလာပြီး အကောက်ခွန်၊ အသုံးအဆောင်တွေနဲ့ပတ်သက်လို့ ဇုန်အတွင်း ရေတိုကာလမှာ အဆင်ပြေတဲ့ မူဝါဒတွေ ချပေးရပါမယ်" ဟု ဆက်ပြောသည်။

အစိုးရက အထူးစီးပွားရေးဇုန် အတော်များများကို စီစဉ်ထားသည်။ အလားအလာ အကောင်းဆုံးမှာ ရန်ကုန်မြို့ပြင်ရှိ ၄၉၅၀ ဧက (ဟက်တာ ၂၀၀၀) ရှိ သီလဝါ အထူး စီးပွားရေးဇုန် ဖြစ်သည်။ ထိုဇုန်ကို ဂျပန်ကုမ္ပဏီ အတော်များများက ရံပုံငွေ ထည့်ဝင်ကာ ယခုနှစ်တွင် စတင်တည်ဆောက်မည်။

အထည်ချုပ်လုပ်ငန်းကဲ့သို့သော အလုပ်အကိုင် အများအပြားရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှု များကို ဆွဲဆောင်နိုင်ရန် အတွက် အထူးစီးပွားရေး ဇုန်များသည် အခြေခံကျသည်။ လောလော ဆယ်တွင် ထို အထည်ချုပ်စက်ရုံမျိုးတွေအတွက် နိုင်ငံတွင် အဆင်ပြေသော အခြေခံ အဆောက် အအုံတွေ မရှိပေ။

စိတ်မချရသော လျှပ်စစ်ဓာတ်အားကလည်း ဧရာမ ပြဿနာတစ်ခု ဖြစ်သည်။ လျှပ်စစ် ဓာတ်အား ၇၀% ကို ရေအားလျှပ်စစ်မှ ရရှိရာ ခြောက်သွေ့သော ရာသီတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု လျော့ကျသည်။ ဓာတ်အားပေးစက်များကို အသုံးပြုရသည့်အတွက် စရိတ်တက် ကာ အမြတ်နည်းသော အထည်ချုပ်လုပ်ငန်းများ၏ ပြိုင်ဆိုင်နိုင်စွမ်း ကျဆင်းသည်။

ရန်ကုန်ရှိ အဓိက ဆိပ်ကမ်း မပြည့်စုံခြင်းကြောင့်လည်း စရိတ်တွေ ပိုကုန်ကျရသည်။ ကုန်သေတ္တာတင် သင်္ဘောအနည်းငယ်သာ ဝင်ရောက်နိုင်ပြီး သင်္ဘောခများကလည်း အတက် အကျ ကြီးမားသည်။ အထည်ချုပ်စက်ရုံပိုင်ရှင်တစ်ဦးက ရန်ကုန်မှ နယ်စပ် ဖြတ်ကျော်ကာ ကားလမ်းဖြင့်ပို့ပြီး ၂၄ နာရီ အကြာတွင် ဘန်ကောက်မှ တင်ပို့ခြင်းသည် ရန်ကုန်မှ တင်ပို့ခြင်း ထက် စရိတ်သက်သာသည်ဟု ဆိုသည်။

ဒုဝန်ကြီးက အစိုးရသည် လျှပ်စစ်ဓာတ်အားပေး စက်ရုံသစ်များ တည်ဆောက်နိုင်ရေး အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် ဆွေးနွေးညှိနှိုင်းကာ အမြန်ဆုံး လျှပ်စစ်ဓာတ်အားပေး နိုင်မည့် စွမ်းအားမြင့်မားစေရန် ဆောင်ရွက်နေကြောင်း ပြောပြသည်။ ဂျပန်နှင့် ထိုင်းကုမ္ပဏီများ က စိတ်ပါဝင်စားကြသော်လည်း စီမံကိန်းများ ပြီးဆုံးရန် နှစ်ပေါင်းများစွာ ကြာမြင့်မည်။

mgyoe.com

mgyoe.com

အငယ်စား ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း ဤနယ်သစ်ပယ်သစ်တွင် လုပ်ငန်း တည်ထောင်ရာ၌ ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ကျော်လွှားရန် ခက်ခဲနေသည်။ ထိုင်း မြန်မာ ကုန်သည်များအသင်း ကိုယ်စားလှယ်တစ်ဦးက CP, PTT နှင့် ဆက်သွယ်ရေး ကုမ္ပဏီကဲ့သို့သော ကုမ္ပဏီကြီးများက သိသိသာသာ ရင်းနှီးမြှုပ်နှံရန် စီစဉ်နေစဉ်တွင် အငယ်စားနှင့် အလတ်စား လုပ်ငန်းများသည် မြေယာဈေးတက်ခြင်း၊ ပိုင်ဆိုင်မှု မရေရာခြင်း၊ တရားရုံးတွင် ရှင်းရှင်းလင်းလင်း ဥပဒေကြောင်းအရ အကာအကွယ်ပေးမထားနိုင်ခြင်းတို့ကြောင့် တွန့်ဆုတ်နေကြသည်။

သို့သော် မြန်မာတို့၏ လိုအပ်မှုများ သယံဇာတများနှင့် စားသုံးသူများက ရင်းနှီးမြှုပ်နှံသူများကို ဆက်လက် ဆွဲဆောင်ကြမည် ဖြစ်သည်။

"ဒီမိုကရေစီနဲ့ စီးပွားရေး အပြောင်းအလဲတွေ လုပ်ပြီးရင် ဧရာမ စားသုံးသူ ဈေးကွက်ကြီးဟာ ရေရှည်မှာဆက်ကြီးနေမယ်" ဟု ဂျပန် ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO) မှ Massri Takahara က ဆိုသည်။ အခုအထိက အမေရိကန်နဲ့ ဥရောပပြိုင်ဘက်တွေ သိပ်မရှိသေးဘူး။ ဒီတော့ ဆောက်လုပ်ရေး၊ သိုလှောင်ရေးနဲ့ သယ်ယူပို့ဆောင်ရေး၊ အိမ်သုံးပစ္စည်း၊ လက်လီ၊ မော်တော်ဆိုင်ကယ်နဲ့ ကြော်ငြာလုပ်ငန်းတွေမှာ သူများမဝင်ခင် ဂျပန် ရင်းနှီးမြှုပ်နှံမှု တွေက ဈေးကွက်ကို ကြီးစိုးနေရာယူထားနိုင်ဖို့ စိတ်ဝင်စားနေကြတယ်။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းတွင် သုံးစွဲခြင်း၊ လူအများစုနေထိုင်ရာ ကျေးလက်ဒေသတွင် မြှုပ်နှံခြင်းကဲ့သို့သော သာမန်ပြည်သူလူထု၏ ဘဝကို လျင်မြန်စွာ တိုးတက်စေသည့် အကျိုးရမြန်သော ရင်းနှီးမြှုပ်နှံမှုများလည်း ရနိုင်သည်ဟု သူက ဆက်ပြောသည်။

သို့သော်လည်း အခြေခံ အဆောက်အအုံများ ကောင်းမွန်ရေးသည် အရေးကြီးကြောင်း ဆက်ပြောသည်။ "ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း တည်ထောင်ဖို့ သယ်ယူပို့ဆောင်ရေး၊ မြေယာအသုံးပြုမှု၊ ကမ္ဘာလှည့် ခရီးသည်တွေ ဘယ်လို ဆွဲဆောင်မယ်၊ မြန်မာနိုင်ငံထဲက ဘယ်နေရာတွေကို သွားလို့ရမလဲဆိုတာတွေနဲ့ ပတ်သက်လို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံဥပဒေက ပီပီသသရှိဖို့ လိုတယ်။ တစ်နှစ်မှာ လေးရာသီရှိတော့ အသီးအနှံတွေ၊ ဟင်းသီးဟင်းရွက်တွေလည်း အမျိုးမျိုးစိုက်လို့ရတယ်။ ဒါပေမဲ့ ပျက်စီးလွယ်တာတွေဆိုတော့ ဖောက်သည်တွေဆီကို လတ်လတ် ဆတ်ဆတ်ရောက်အောင် မြန်မြန်ပို့ပေးဖို့လိုတယ်။ ဒီအတွက် လမ်းတွေ၊ ရထားလမ်းတွေ၊ ဆိပ်ကမ်းတွေ၊ အခြေခံအဆောက်အအုံတွေ လိုအပ်တယ်"

■

mgyoe.com

mgyoe.com

# ဂျပန်နှင့် အရှေ့တောင်အာရှ


**မေလ** ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ မြို့တော်ရန်ကုန်၌ သမ္မတကြီး ဦးသိန်းစိန်က ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေးကိုကြိုဆိုတွေ့ဆုံသောအခါ အပြန်အလှန် လေးစားမှု ရှိကြောင်း သံတမန်နည်းအမျိုးမျိုးဖြင့် ပြသခဲ့ကြသည်။ ၁၉၇၇ ခုနှစ် နောက်ပိုင်းတွင် မစ္စတာအာဘေးသည် မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်သော ဂျပန်ဝန်ကြီးချုပ် ဖြစ်သည်။ နှစ်ပေါင်းများစွာ အတော်လေးကောင်းခဲ့ကာ အနောက်နိုင်ငံက စစ်အစိုးရကို ပစ်ပယ်ထားခဲ့သော ဆယ်စုနှစ်များ၌ပင် ကောင်းမွန်ခဲ့သော သံတမန်ခင်းနှင့် စီးပွားရေး အဆက်အသွယ်တို့ကို တောင့်တင်းခိုင်မာအောင် ပြုလုပ်ရန် ခေါင်းဆောင်နှစ်ဦးစလုံးက သန္နိဋ္ဌာန် ချထားပုံရသည်။ မြန်မာ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခဲ့သော မစ္စတာအာဘေးက ၂၀၁၁ ခုနှစ်မှစ၍ သမ္မတ ဦးသိန်းစိန် တာဝန်ယူ ကြိုးပမ်းဆောင်ရွက်ခဲ့သော နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး အသစ်ကို တတ်နိုင်သမျှ အကူအညီပေးမည်ဟု အသိပေးပြောကြားခဲ့သည်။

mgyoe.com

mgyoe.com


ဂျပန်တို့၏ လုပ်ရပ်ကလည်း အပြောနှင့် ကိုက်ညီပါသည်။ မစ္စတာအာဘေးက မြန်မာတို့ တင်ရှိနေသော ကြွေးမြီ ဒေါ်လာ သန်း ၁၈၀၀ ကို လျော်ပစ်လိုက်ပြီး နောက်ထပ် ဒေါ်လာ သန်း ၅၀၀ အကူအညီ ပေးသည့်အနေဖြင့် ချေးမည်ဟု ကတိပြုခဲ့သည်။ လွန်ခဲ့သည့် ၁၈ လက ရန်ကုန်မြို့ တောင်ဘက်ရှိ သီလဝါ အထူးစီးပွားရေးဇုန် အပါအဝင် ဂျပန်တို့ ကူညီမည်ဟု တာဝန်ယူထားမှုများအပြင် ထပ်တိုးလိုက်ခြင်း ဖြစ်သည်။ ဂျပန်နိုင်ငံသည် သီလဝါစက်မှုဇုန်အတွက် ဒေါ်လာ သန်း ၂၀၀ အကုန်အကျခံခဲ့ပြီး ဖြစ်သည်။ ဆိပ်ကမ်းဟောင်းကို ဆိပ်ကမ်းသစ်နှင့် အစားထိုးမည်။ မစ္စတာအာဘေးနှင့်အတူ ဂျပန် အမှုဆောင်အရာရှိများ ဒါဇင်နှင့်ချီ၍ လိုက်ပါသွားခဲ့ကြရာ အခွင့်အလမ်းများ ရှာဖွေရန် ဂျပန်ဝန်ကြီးချုပ်က သူတို့ကို တိုက်တွန်းသည်။

မြန်မာနိုင်ငံသည် ဒေသအတွင်းတွင် ဖက်ရှင်အကျဆုံး၊ ဆွဲဆောင်မှု အကောင်းဆုံး ရင်းနှီးမြှုပ်နှံချင်စရာ နေရာတစ်ခု ဖြစ်နေသည်။ သို့သော် အရှေ့တောင် အာရှဒေသရှိ အခြားနိုင်ငံများသည် ဂျပန်၏ ရင်းနှီးမြှုပ်နှံမှုကြောင့် အကျိုးရှိနှင့်ခဲ့ကြပြီးဖြစ်သည်။ ဒီဇင်ဘာလတွင် မစ္စတာအာဘေး အာဏာရစဉ်ကတည်းကပင် သူ၏ ဝန်ကြီးများသည် အရှေ့တောင်အာရှရှိ မြို့တော်များသို့ သွားရောက်ကာ ရင်းနှီးမြှုပ်နှံမှု အသစ်တွေ၊ အကူအညီတွေနှင့် အခြားအရာတွေကို ကမ်းလှမ်းခဲ့ကြသည်။ ရှားရှားပါးပါး စီးပွားရေးအလားအလာကောင်းရာ ဆယ်နိုင်ငံဖြင့် ဖွဲ့စည်းထားသော အာဆီယံတွင် နေရာတိုးယူကာ မိမိ၏ စီးပွားရေးကို မြှင့်တင်လိုသည်။



သို့သော် ဝန်ကြီးတွေက ကုန်သွယ်ရေးကိစ္စ တစ်ခုတည်းကို အဓိကထားပြီး ပြောဆို ဆွေးနွေးကြခြင်း မဟုတ်ပေ။ သံတမန် မဟာမိတ်ဖွဲ့ရေး၊ ရေတပ်

mgyoe.com

mgyoe.com

လေ့ကျင့်ရေးနှင့် ကာကွယ်ရေး ပစ္စည်းရောင်းချရေး ကိစ္စတွေပါ ပါဝင်သည်။ အရှေ့တောင်အာရှသို့ တွန်းတွန်းတိုက်တိုက် ဝင်ရောက်လာရသည့် ကိစ္စတွင် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး မကောင်း ဖြစ်နေခြင်းလည်း အကြောင်းတစ်ခု ဖြစ်သည်။ အရှေ့တရုတ်ပင်လယ်တွင် Senkaku သို့မဟုတ် Diaoyu ကျွန်းကို ဂျပန်တို့ ထိန်းချုပ်မှုနှင့်ပတ်သက်၍ တရုတ်တို့နှင့် ထိပ်တိုက် ရင်ဆိုင်နေရခြင်းက နှစ်နိုင်ငံ အကြား၊ သဘောထား ကွဲပြားမှုများကို ပို၍ ဆိုးဝါးစေသည်။ တရုတ်နိုင်ငံတွင် ရှိနေသော ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်ကြောင့် တရုတ်နိုင်ငံရှိ ဂျပန်တို့၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ရေရှည် အနာဂတ်တွင် ဂျပန်လုပ်ငန်းရှင်များက စိုးရိမ်ပူပန်လာကြသည်။ ယခင်နှစ်က ဂျပန် စက်မှုလုပ်ငန်းရှင်များကို ရိုက်တာ သတင်းဌာနက စစ်တမ်းကောက်ယူရာတွင် ဖြေကြားသူ လေးပုံတစ်ပုံခန့်က တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်များ ဆိုင်းငံ့ခြင်း သို့မဟုတ် နောက်ပြန်ဆုတ်ခြင်း ပြုလုပ်မည်ဟု ဆိုကြသည်။ တရုတ်ကို သံတမန်ခင်းနှင့် စီးပွားရေး အရံအတားလုပ်သည့် နေရာတစ်ခုအဖြစ်ဖြင့် အရှေ့တောင်အာရှကို တွေ့မြင်လာရသည်။

ဒေသတွင်း ဘဏ္ဍာရေး ချိတ်ဆက်မှု အစီအစဉ်၏ တစ်စိတ်တစ်ဒေသ အနေဖြင့် ဂျပန်နိုင်ငံသည် အာဆီယံ အသင်းဝင်နိုင်ငံများတွင် အစိုးရ ငွေတိုက်စာချုပ်များကို ဝယ်ယူမြှုပ်နှံလျှက် ရှိသည်။ ဂျပန် ဘဏ္ဍာရေးဝန်ကြီးဌာနက ဂျပန်လုပ်ငန်းရှင်များ ဒေသခံ ငွေကြေးဖြင့် ချေးယူနိုင်ရန် အကူအညီပေးခဲ့သည်။ အချို့ကုမ္ပဏီကြီးများက ဝိုင်းဝန်း စုပေါင်းကာ အရှေ့တောင်အာရှတွင် အရောင်းကွင်းဆက်ကြီးတစ်ခုလုံးကို အုပ်စီးထားကြသည်။ အများအားဖြင့် ထိုင်းနိုင်ငံကို ဗဟိုပြုသည်။ သာဓက အနေဖြင့် ဟွန်ဒါကားကုမ္ပဏီသည် ၂၀၁၅ တွင် တစ်နှစ်လျှင် ကားစီးရေ ၄၂၄၀၀၀ ထုတ်လုပ်ရန် ရည်မှန်းသည်။ ထိုသို့ ထုတ်လုပ်ရန်အတွက် ဂျပန်ကုမ္ပဏီများသည် ဒေသခံများ၏ အရင်းအနှီးတွေကိုလိုအပ်သည်။ ထိုင်းနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ ဆိုးဆိုးဝါးဝါး ရေလွှမ်းမိုးခံရပြီးနောက် ကားစက်ရုံနှင့် အခြား ဂျပန်စက်ရုံများကို ပိတ်ခဲ့ရသော်လည်း စီးပွားရေးလုပ်ငန်း အစီအစဉ်များကို အခြေခံကျကျ ပြောင်းလဲခြင်း မရှိပေ။ ကုမ္ပဏီတွေ အဆုံးအရှုံးသက်သာစေရန် အာမခံကုမ္ပဏီတွေက ဝင်ရောက် ဆောင်ရွက်ခဲ့ကြသည်။

ဂျပန်နှင့် နှစ်ရှည်လများ စီးပွားရေး အဆက်အဆံရှိသော အင်ဒိုနီးရှားနိုင်ငံတွင် မကြာမီက ဂျာကာတာမြို့တွင် မြေအောက်ရထားလမ်းသစ် ဖောက်လုပ်ရေး စတင်မည့် ဒေါ်လာသန်း ၃၇၀ တန် လုပ်ငန်းတစ်ခုကို ဂျပန်တို့ ရရှိခဲ့ကြသည်။ ရေလွှမ်းမိုးခံနေရသော မြို့တော်ကို ရွှံ့ညွှံတွေအပေါ်တွင် တည်ဆောက်ထားရာ ဂျပန် အင်ဂျင်နီယာတွေ သဘောကျသော စိန်ခေါ်မှု တစ်ခုဖြစ်သည်။ သို့သော် အစဉ်အလာအားဖြင့် ဂျပန်တို့နှင့် အဆက်အသွယ်နည်းသော အခြား အရှေ့တောင်အာရှ နိုင်ငံများ၌လည်း ဂျပန်တွေ ထူးထူးခြားခြား တက်ကြွနေသည်ကို တွေ့ရသည်။ အထူးသဖြင့် ဗီယက်နမ်တို့၊ ဖိလစ်ပိုင်တို့နှင့် မိတ်ဆွေဖွဲ့သည်။ ထိုနှစ်နိုင်ငံစလုံးသည် တောင်တရုတ်ပင်လယ်ရှိ ကျွန်းများ၊ သန္တာကျောက်တန်းများနှင့် ပတ်သက်၍ တရုတ်နှင့် ရန်ဖြစ်နေကြသောနိုင်ငံများ ဖြစ်သည်။

mgyoe.com

mgyoe.com

ဗီယက်နမ်နိုင်ငံတွင် ဂျပန်တို့က ချွတ်ခြုံကျနေသော ဘဏ်လုပ်ငန်းကဏ္ဍကို ကယ်တင်ရန် ကူညီလျက် ရှိသည်။ ဒီဇင်ဘာလတွင် တိုကျို မစ်ဆူဘီရှိ UFJ က Vietin Bank တွင် အစုရှယ်ယာ ၂၀% ကို ဒေါ်လာ ၇၄၃ သန်းပေးကာ ဝယ်ယူကြောင်း ကြေညာခဲ့သည်။ ဂျပန်တို့၏ ရင်းနှီးမြှုပ်နှံမှုသည် ယခင်နှစ်ကထက် နှစ်ဆတက်လာကာ ၂၀၁၂ ခုနှစ်တွင် ဒေါ်လာ သန်း ၅၁၀၀ အထိ ဖြစ်လာခဲ့သည်။ ဂျပန်သည် ဗီယက်နမ်ရေတပ်၏ စွမ်းရည်မြှင့်တင်ရေး၊ ရေကြောင်း ထောက်လှမ်းရေးအတွက် ဂျပန်သင်္ဘောသားများကို လေ့ကျင့်ပေးခြင်းတို့လည်း ပြုလုပ်လျက်ရှိသည်။

ဗီယက်နမ်နှင့် မြန်မာနိုင်ငံများကဲ့သို့ပင် စစ်အတွင်းက ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်ခဲ့မှုများကို ဖိလစ်ပိုင်တွင် ယနေ့တိုင် မမေ့နိုင်ကြသေးပေ။ (ဂျပန်နှင့် မဟာမိတ်ဖွဲ့ခဲ့သော ထိုင်းနိုင်ငံကမူ နှိပ်စက်ခံရမည့်ဘေးမှ လွတ်ကင်းခဲ့သည်။) သို့သော် ဂျပန်နှင့် ဆက်ဆံရေး နွေးထွေးကောင်းမွန်လာသောအခါ သမိုင်းကြောင်းက နိုင်ငံရေးအပေါ် အရိပ်ထိုးမနေပေ။ ဖိလစ်ပိုင်အတွက် ပို၍ အရေးတကြီး ဖြစ်နေသော ပြဿနာမှာ တရုတ်နှင့် အငြင်းပွားနေသော Scarborough ကျောက်တန်းများ ဖြစ်သည်။ ဂျပန်က ဖိလစ်ပိုင်ကို အကူအညီတွေ တိုးမြှင့်ပေးသည်။ ရေကြောင်းသွားလာမှုကို စောင့်ကြည့်နိုင်ရန် တစ်စီးလျှင် ဒေါ်လာ ၁၁ သန်းတန်သော ကင်းလှည့်ရေယာဉ် ၁၀ စီးကိုလည်း ရေတပ်ကို ကူညီသည့် အနေဖြင့်ပေးသည်။

ယခင်က တရုတ်နှင့် နီးစပ်ပြီး ယခုအခါ အနောက်နိုင်ငံနှင့် အခြားအာရှနိုင်ငံတွေနှင့် ပိုမိုနီးစပ်နေသော မြန်မာနိုင်ငံမှာကဲ့သို့ပင် ဂျပန်တွေက သံခင်းတမန်ခင်းနှင့် စီးပွားရေး လုပ်ငန်းများကို ပူးတွဲဆောင်ရွက်သည်။

■

mgyoe.com

mgyoe.com

# မြန်မာ့အပြောင်းအလဲကို တရုတ်နိုင်ငံ၏ တုံ့ပြန်မှုများ ၂

## ၃.၃ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဆက်ဆံရေးသစ်များ

နှစ်ပေါင်းနှစ်ဆယ်ခန့် ငြင်းပယ်ခဲ့ပြီးနောက် နောက်ဆုံးတွင် တရုတ်နိုင်ငံသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တရားဝင်မှုကို ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် အသိအမှတ်ပြုခဲ့ပြီး ပုံမှန်ဆက်ဆံမှု ပြန်လည်ပြုလုပ်လာခဲ့သည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၂ ခုနှစ် ဇွန်လအတွင်း တရုတ်သံအမတ်ကြီးသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ၃ ကြိမ် တွေ့ဆုံခဲ့ရာ စစ်အစိုးရလက်ထက်တွင် စဉ်းစားရန်ပင် လုံးဝမဖြစ်နိုင်သော ဖြစ်ထွန်းတိုးတက်မှု ဖြစ်သည်။ ထိုသို့ ကြိုးပမ်းအားထုတ်မှု၏ ရလဒ်ကိုမူ စောင့်ကြည့်ရဦးမည်။ ဒေါ်အောင်ဆန်းစုကြည်က တရုတ်နိုင်ငံ၏အရေးပါမှုကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုကာ မြန်မာနိုင်ငံအတွင်းတွင် လည်းကောင်း၊ မြန်မာနိုင်ငံပြင်ပတွင် လည်းကောင်း၊ တရုတ်နှင့် အမေရိကန်တို့နှင့် ပူးတွဲဆောင်ရွက်လိုကြောင်း ပြောကြားခဲ့သည်။



mgyoe.com

mgyoe.com

သို့သော်လည်း တရုတ်အများစု၏ အမြင်တွင် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်၏ သစ္စာရှိမိတ်ဆွေဖြစ်ပြီး တရုတ်နိုင်ငံတွင်မရှိသော ဒီမိုကရေစီ တန်ဖိုးများကို လှုံ့ဆော်နေသူလည်းဖြစ်သည်ဟု ရှုမြင်ကြသည်။ ပြည်တွင်းနိုင်ငံရေးတွင် သြဇာတက်လာခြင်းနှင့် ၎င်းတို့ကို ငြင်းပယ်လျှင် တရုတ်နိုင်ငံအတွက် အကျိုးမရှိနိုင်ခြင်းဟု့ကြောင့် တရုတ်နိုင်ငံအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ကို လက်တွဲ ရမည်ဖြစ်ကြောင်း သဘောပေါက်သည်။ သို့သော်လည်း "သမိုင်းကြောင်းအခြေအနေအရ ဆက်ဆံရေးကောင်းရန်မည်သို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တွက်ဆ၍ မရကြပေ"

## ၃.၄ အဓိက ပြည်သူ့ဆက်ဆံရေးအစီအစဉ်များ

တရုတ်နိုင်ငံသည် စီးပွားရေးနှင့် နိုင်ငံရေး ဆက်ဆံမှုများတွင် အေးစက်စက်ရှိခဲ့သော်ငြား‌‌လည်း မြန်မာပြည်သူတို့နှင့် ထိတွေ့မှုရှိရန် အသည်းအသန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ပြည်သူ့ဆက်ဆံရေး၊ ပြည်သူ့သံခင်းတမန်ခင်းနှင့် ကုမ္ပဏီများ၏ လူမှုရေးတာဝန်ကျေပွန်ရေး အစီအစဉ်များအရ တရုတ်နိုင်ငံသည် အောက်ခြေတွင် မိမိ၏ပုံရိပ် ကောင်းမွန်လာစေရန်နှင့် ဒေသခံများနှင့် ဆက်ဆံရေးကောင်းမွန်လာစေရန် ရည်ရွယ်ကြိုးပမ်းခဲ့သည်။

ထိုအစီအစဉ်၏ ပထမဆုံးအပိုင်းတွင် စာနယ်ဇင်းများ ပါဝင်သည်။ မြစ်ဆုံဆည်နှင့်ပတ်သက်၍ ပြည်သူ့သဘောထားအပေါ် စာနယ်ဇင်းများက အဓိကအားဖြင့် သြဇာ လွှမ်းမိုးနိုင်ကြောင်း တွေ့မြင်လာရပြီးနောက် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွင်း အများပြည်သူတို့နှင့် ထိတွေ့မှုရှိရန် ပိုမိုကြိုးစားအားထုတ်လာခဲ့သည်။ မြစ်ဆုံဆည်စီမံကိန်းကို ဆိုင်းငံ့လိုက်ပြီးနောက် ရက်သတ္တပတ် အနည်းငယ်အတွင်း တရုတ် ဗဟိုရုပ်မြင်သံကြားအစီအစဉ် (CCTV) ကို စတင်ထုတ်လွှင့်ရုံမျှသာမက မြန်မာ စာနယ်ဇင်းအဖွဲ့များကို တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခဲ့သည်။ ဤပြည်သူ့သံခင်းတမန်ခင်း အစီအစဉ်များသည် တရုတ်နိုင်ငံ၏ ပုံရိပ်ကို အကောင်းမြင်လာစေရန်နှင့် မြန်မာစာနယ်ဇင်းများနှင့် ချစ်ခင်ရင်းနှီးမှု ပေါ်ပေါက်လာစေရန် ရည်ရွယ်သည်။

ဒုတိယပိုင်းမှာ ဗုဒ္ဓဘာသာ သံခင်းတမန်ခင်း ဖြစ်သည်။ တရုတ်နိုင်ငံရှိ ဗုဒ္ဓမြတ်စွယ်တော်ကို အများပြည်သူနှင့်ပတ်သက်သော သံခင်းတမန်ခင်းကိစ္စအတွက် အသုံးပြုရန် ထူးခြားသော အရည်အသွေး ရှိသည်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် မြန်မာနိုင်ငံသို့ ၄၈ ရက်ကြာမျှ အပူဇော်ခံ ကြွရောက်ခဲ့သည်။ တရုတ်နိုင်ငံက "ဗုဒ္ဓဘာသာယဉ်ကျေးမှု ဖလှယ်ရေးသည် တရုတ်–မြန်မာ မိတ်ဆွေဖြစ်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကာ နှစ်နိုင်ငံပြည်သူများအကြား နားလည်မှုနှင့် အပြန်အလှန် ယုံကြည်မှုတို့ကို တိုးပွားစေသည်" ဟု ရှုမြင်သည်။ ထိုသို့ စွယ်တော်ကြွခွင့်ကို ၁၉၉၆ ခုနှစ်အတွက် တရုတ်နိုင်ငံက နောက်ဆုံးခွင့်ပြုခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်၊ မေလတွင် အများပြည်သူ သံခင်းတမန်ခင်း အစီအစဉ်ကို ထပ်မံ၍ မြှင့်တင်

mgyoe.com

mgyoe.com

ခဲ့သည်။ တရုတ်နိုင်ငံက ရန်ကုန်တွင် နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာရန်နှင့် သမားရိုးကျဆက်ဆံမှုများကို မြှင့်တင်ရန်၊ 'နက်ရှိုင်းသော ချစ်ကြည်ရင်းနှီးမှု' ခေါ်သည့် အစီအစဉ်တစ်ခုကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုအစီအစဉ်တွင် အပိုင်း ၅ ပိုင်း ပါဝင်သည်။ မျက်စိဝေဒနာရှင်များအတွက် အလင်းရောင်စီမံကိန်းဟုဆိုကာ တရုတ်–မြန်မာ မျက်စိကုဌာန တည်ဆောက်ခြင်း၊ ဒေသတွင်းရှိ မူလတန်းနှင့် အလယ်တန်းကျောင်းများသို့ ကွန်ပျူတာများ လှူဒါန်းခြင်း၊ အငယ်စား စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးဆွေးနွေး ပွဲများ ကျင်းပခြင်း၊ နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုတိုးပွားရန် 'တောင်နှင့်မြစ်များက ချိတ်ဆက်ခြင်း' ဟူသည့် ဧရာမ အနုပညာအဖွဲ့တစ်ဖွဲ့ စေလွှတ်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

နောက်ဆုံးအနေဖြင့် မြစ်ဆုံဆည်စီမံကိန်းကို ရပ်ဆိုင်းပြီးနောက် မြန်မာနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ရာတွင် ကုမ္ပဏီများ၏ လူမှုရေးတာဝန် ထမ်းဆောင်ရေး အစီအစဉ်များကို ထည့်သွင်းစေခဲ့သည်။ တရုတ် CNPC ကုမ္ပဏီက ပိုက်လိုင်းဖောက်လုပ်ရာ လမ်းကြောင်းတစ်လျှောက် ကျောင်း ၈ ကျောင်း၊ ဆေးခန်း ၁၉ ခုနှင့် ဆေးရုံတစ်ရုံ တည်ဆောက်ရေးအတွက် အမေရိကန် ဒေါ်လာ ၆ သန်း သုံးစွဲခဲ့သည်။ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းလိုက်သော်လည်း တရုတ်ရင်းနှီးမြှုပ်နှံသူက မြစ်ဆုံတွင် လမ်းဖောက်၊ ကျောင်းဆောက်နေဆဲဖြစ်ကြောင်း သိရသည်။ တရုတ်ကုမ္ပဏီများသည် ပိုက်လိုင်းဖောက်လုပ်ရာ လမ်းကြောင်းတစ်လျှောက် ဘာသာရေးဆိုင်ရာ နေရာများကို ရှောင်ရှားခြင်း၊ စရိတ်ကြီးမားသော်လည်း ဒေသခံများ၏ တောင်းဆိုချက်အတိုင်း နည်းပညာသတ်မှတ်ချက် များကို ပြောင်းလဲခြင်း စသည်ဖြင့် ဒေသခံများနှင့် ဒေသန္တရအစိုးရများ၏ တောင်းဆိုမှုများကို လေးစားလိုက်နာရသည်။ စီအင်ပီစီက ဒေသခံအလုပ်သမား ငှားရမ်းမှုကိုလည်း တိုးမြှင့်ခဲ့သည်။ အချို့ဆောက်လုပ်ရေး လုပ်ငန်းရှင်များတွင် ဒေသခံလုပ်သားများ၏ အချိုးသည် ၇၀ % ခန့်အထိ မြင့်မားလာခဲ့ကြောင်း သိရသည်။

■

mgyoe.com

mgyoe.com

# တရုတ်နိုင်ငံ၏ မဟာဗျူဟာဦးစားပေး အစီအစဉ်များ

နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု မပြုလုပ်မီက မြန်မာနိုင်ငံ အတွင်းတွင် တရုတ်နိုင်ငံ၏ အဓိကအကျိုးစီးပွား လေးခု ရှိသည်။ နယ်စပ်တည်ငြိမ်ရေး၊ စွမ်းအင်ဖူလုံရေး၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုနှင့် ပထဝီနိုင်ငံရေးအရ အသုံးဝင်မှု တို့ ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် ပထဝီနိုင်ငံရေး ရည်မှန်းချက်များကို ဆိုင်းငံ့ထားချိန်တွင် တရုတ်၏ စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုံခြုံရေးနှင့် နယ်စပ်ဒေသ အရေးများသည် ထိပ်တန်းဦးစားပေး အစီအစဉ်နှစ်ခု ဖြစ်လာခဲ့သည်။



## ၄.၁ တရုတ်စွမ်းအင် ရင်းနှီးမြှုပ်နှံမှုများ၏ လုံခြုံရေး – ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့်မြစ်ဆုံဆည်

တရုတ်နိုင်ငံ၏ စွမ်းအင်ဖူလုံရေးအတွက် မြန်မာ နိုင်ငံသည် ရှုထောင့်နှစ်ခုမှ အရေးပါသည်။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ် ဓာတ်အားပေးဆည်များနှင့် စွမ်းအင် ပိုက်လိုင်းများအတွက် တရုတ်နိုင်ငံက အများဆုံး ရင်းနှီးမြှုပ်နှံ

mgyoe.com

mgyoe.com
ထားသည်။ လက်ရှိအခြေအနေတွင် ပိုက်လိုင်းစီမံကိန်းသည် မြန်မာနိုင်ငံအတွင်းတွင် တရုတ်နိုင်ငံ၏ ထိပ်ဆုံး ဦးစားပေးအစီအစဉ် ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၂.၅၄ ဘီလီယံတန် စီမံကိန်းသည် လောင်စာငတ်မွတ်နေသော တရုတ်နိုင်ငံ အနောက်တောင်ပိုင်းသို့ ရေနံစိမ်းတန်ချိန် ၂၂ သန်းနှင့် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၂ ဘီလီယံ သယ်ပေး၍ချည်းမဟုတ်ဘဲ မဟာဗျူဟာအရ မလုံမခြုံဖြစ်နေသည့် အခြေအနေကို လျော့ပါးစေရန်အတွက် တရုတ်နိုင်ငံတွင် စွမ်းအင်ပို့ဆောင်ရေးလမ်းကြောင်းကို ဖြန့်ကြက်ရာတွင် အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်ခြင်းကြောင့်လည်း ဖြစ်သည်။ ပိုက်လိုင်းဆန့်ကျင်ရေး ဆန္ဒပြမှုများ၊ သတင်းများ မကြာခဏထွက်ပေါ်သည့်ကိစ္စနှင့်ပတ်သက်၍ ပိုက်လိုင်း တည်ဆောက်ရေးအပေါ် မည်သို့မည်ပုံ အကျိုးသက်ရောက်မည်ကို တရုတ်အစိုးရက အစိုးရိမ်ကြီးခဲ့သည်။ အစိုးရ၏ အကြီးတန်း အကြံပေးအရာရှိက "တရုတ်အတွက် မြစ်ဆုံဆည်သည် တရုတ် ကုမ္ပဏီတစ်ခု၏ စီးပွားရေးလုပ်ငန်းစီမံကိန်းမျှသာဖြစ်သော်လည်း ပိုက်လိုင်းစီမံကိန်းသည် နိုင်ငံအတွက်ရော၊ မဟာဗျူဟာအဆင့်အတွက်ပါ အရေးပါသည်။ သို့ဖြစ်၍ ပိုက်လိုင်းနှင့် ပတ်သက်၍ တွေ့ကြုံရမည့် အန္တရာယ်များကို လက်ဦးမှုယူ ဖြေရှင်းနိုင်ရန် နည်းလမ်းမျိုးစုံ အသုံးပြုလျက်ရှိသည်" ဟု ဆိုခဲ့သည်။

ထိုကိစ္စအတွက် တရုတ်အကြီးတန်း ပညာရှိများသည် ပိုက်လိုင်းစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုရရှိရေး အရေးကြီးကြောင်း ထပ်တလဲလဲ အလေးပေးပြောဆိုခဲ့ကြသည်။

တရုတ်တို့က ပိုက်လိုင်း အလျင်အမြန် တည်ဆောက်ပြီးစီးရေးကို အလေးပေး ဆောင်ရွက်နေချိန်တွင် မြစ်ဆုံဆည်စီမံကိန်းသည် နှစ်နိုင်ငံဆက်ဆံရေးတွင် အဓိကအဟန့်အတားတစ်ခု ဖြစ်လာခဲ့သည်။ မြန်မာသုတေသီများက မြစ်ဆုံဆည်နှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို အခြားသဘောတူညီချက်များ၊ လုပ်ငန်းစီမံကိန်းများအတွက် ဆွေးနွေးညှိနှိုင်းရာတွင် အခြေအနေတစ်ရပ်အဖြစ် ကြိုတင် သတ်မှတ်တောင်းဆိုခဲ့သည်။ တရုတ်တို့က ထိုစီမံကိန်းကို (၁) အပြီးအပိုင်၊ ထာဝရဖျက်သိမ်းခြင်း ဟုတ် မဟုတ်၊ (၂) အကယ်၍ ဟုတ်မှန်လျှင် လျော်ကြေးပေးရန် မည်သို့ စီစဉ်ထားသည်ဆိုသည့်မေးခွန်း များမေးရန် ကြိုးစားလာခဲ့ကြသည်။

မြန်မာ့မူဝါဒ အဝန်းအဝိုင်းတွင် မြစ်ဆုံဆည်နှင့်ပတ်သက်၍ အုပ်စု နှစ်ခုကွဲလျက် ရှိသည်။ အုပ်စုနှစ်ခုစလုံးက ပြည်သူတို့၏ ဆန္ဒအရ မြစ်ဆုံဆည် လုံးဝဖျက်သိမ်းရေးသည် ရှောင်လွှဲ၍မရ။ ပြည်သူတို့က လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှုပြုခြင်း၊ ဒီမိုကရေစီနိုးကြားမှုများ ရှိနေခြင်းနှင့် လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒ ကျင့်သုံးမှုတို့ ရှိနေသည်။ သို့သော် မည်သို့မည်ပုံ ပယ်ဖျက်ကြမည်ဆိုသည်ကို အငြင်းပွားနေသည်။

■

mgyoe.com

mgyoe.com

# မြန်မာ့အပြောင်းအလဲကို တရုတ်နိုင်ငံ၏ တုံ့ပြန်မှုများ ၃

**အုပ်စု** တစ်ခုက "ဆက်ဆံရေးအမှန်တကယ်ပြန်လည်ကောင်း မွန်စေလိုလျှင် အတိတ်က မြန်မာနိုင်ငံအပေါ် အမြတ်ထုတ်ခဲ့မှုများအတွက် တစ်ဖက်သတ် မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းရုံမျှသာမက ငွေရေးကြေးရေးအရ လျော်ကြေးတောင်းခံခြင်းပင် မပြုသင့်ဟု ရှုမြင်သည်။ ပို၍လက်တွေ့ကျသော အခြားအုပ်စုတစ်ခုက မြစ်ဆုံနှင့် ပတ်သက်သော မြန်မာနိုင်ငံ၏ ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက လက်ခံသင့်သည်။ အတိတ် ကို တတ်နိုင်သမျှ မြန်မြန်မေ့ပစ်ကာ ဆက်ဆံရေးသစ်များ အပေါ် အာရုံစိုက်သင့်သည်" ဟု ယူဆသည်။ ၎င်းတို့က ဆုံးရှုံးမှုများအတွက် မြန်မာနိုင်ငံသည် တရုတ်ရင်းနှီးမြှုပ်နှံ သူများကို မျှမျှတတ လျော်ကြေးပေးသင့်သည်ဟု ရှုမြင်သည်။ သို့သော် တရုတ်ဘက်က မြန်မာနိုင်ငံသည် လျော်ကြေးပေးနိုင်လောက်အောင် ငွေကြေးအင်အား တောင့်တင်းမည်ဟု မထင်ပေ။

တရုတ်နိုင်ငံအတွင်းတွင်လည်း မြစ်ဆုံစီမံကိန်းကို ပြန်လည်စတင်ရန် တောင်းဆိုမှုများ ရှိနေသည်။ အချို့



mgyoe.com

mgyoe.com

အရာရှိများနှင့် သုတေသီများက မြစ်ဆုံဆည်စီမံကိန်းကြောင့် လူမှုရေးအရ ဆုံးရှုံးနစ်နာမှုများ ရှိနိုင်သည်ဆိုခြင်းကို လက်မခံ။ စီပီအိုင်ကုမ္ပဏီ၏ ဆက်သွယ်ရေးဌာနမှ ဆက်သွယ်ရေးမှူးရည် ညွှန်ကြားမှုနှင့် အနောက်နိုင်ငံများ၏ ရန်လိုလှုံ့ဆော်မှုများကြောင့် အထင်လွဲခံရခြင်းဖြစ်သည်ဟု ရှုမြင်သည်။ ထို့အပြင် တရုတ်တို့က မြစ်ဆုံဆည်နှင့်ပတ်သက်၍ နေရာ၊ လျော်ကြေးပေးရေးအစီအစဉ်၊ ဓာတ်အားဖြန့်ဖြူးမှု အချိုးအစားတို့နှင့်ပတ်သက်၍ ပြန်လည် ဆွေးနွေးညှိနှိုင်းလိုသည်။ သို့ဖြစ်၍ မြန်မာတို့က အဆိုပြုချက်ကို ငြင်းပယ်သင့်သည်ဟုမမြင်ပေ။

## ၄ • ၂ နယ်စပ်ဒေသကိစ္စများ

တရုတ်နိုင်ငံ၏စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် လုံခြုံရေးသည် ၂၀၁၁ ခုနှစ် ဇွန်လမှစ၍ မြန်မာအစိုးရတပ်များနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ အကြား ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ပို၍သောကပွားစရာ ဖြစ်လာခဲ့ရသည်။ ၂၀၀၉ ခုနှစ်က ကိုးကန့်နှင့် ဖြစ်ပွားခဲ့သလို တရုတ်နိုင်ငံအတွင်းသို့ စစ်ပြေးဒုက္ခသည် အများအပြား ဝင်ရောက်ခြင်းမရှိသည့်အတွက် ပဋိပက္ခသည် တရုတ်နယ်စပ်လုံခြုံရေးကို ကြီးကြီးမားမား ခြိမ်းခြောက်ခြင်း မရှိပေ။ ဤအချက်က တရုတ်နိုင်ငံ လက်ရှောင်သောမူဝါဒ ကျင့်သုံးရခြင်းကို ရှင်းပြနေသည်။ တရုတ်တို့က ဆွေးနွေးရန် နေရာစီစဉ်ပေးခြင်းနှင့် တရုတ်နိုင်ငံအတွင်း ဝင်ရောက်နေသော ဒုက္ခသည်အများစုကို ပြန်လည်ပို့ပေးခြင်းမှအပ ကချင်နှင့် စစ်အစိုးရတို့အကြား စေ့စပ်ညှိနှိုင်းရာတွင် ပါဝင်ခြင်း မရှိပေ။

သို့သော် နှစ်ရှည်လများ ကချင်နှင့် ပဋိပက္ခဖြစ်နေခြင်းသည် တရုတ်နိုင်ငံ၏ အမျိုးသား အကျိုးစီးပွား၊ အထူးသဖြင့် တရုတ်တို့၏ စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ လုံခြုံရေးအပေါ် အကျိုးသက်ရောက်မှု ရှိသည်။ မြစ်ဆုံဆည်သည် ကချင်ပြည်နယ်တွင် တည်ရှိပြီး မြစ်ဆုံဆည် နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဒေသခံကချင်များ ပါဝင်ရန်လိုအပ်သည်။ သို့သော် လည်း ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေသဖြင့် ကချင်ဒေသခံများ ပါဝင်နိုင်ခြင်းမရှိပေ။ အထူး သဖြင့် ကေအိုင်အေက အစိုးရစစ်တပ်နှင့် တိုက်ခိုက်ရာတွင် လမ်းများ၊ တံတားများနှင့် အခြား အရပ်ဘက် အသုံးအဆောင်များကို ဖုံးခွဲတိုက်ခိုက်ခြင်းကြောင့် အခြေအနေကို ပို၍ ဆိုးဝါးစေခဲ့ သည်။ ပဋိပက္ခကြောင့် အကျိုးခံစားရသူများ၊ တရုတ် ပုဂ္ဂလိကလုပ်ငန်းများဖြစ်ပြီး နယ်စပ်ကို ကင်းလှည့်ခြင်းနှင့် စီမံခန့်ခွဲမှု မရှိခြင်းကြောင့် သစ်၊ ကျောက်စိမ်းနှင့် သတ္တုများ တရားမဝင် တူးဖော်ကာ တရုတ်နိုင်ငံအတွင်းသို့ မှောင်ခိုတင်သွင်းနိုင်ကြသည်။

သို့ဖြစ်၍ ကချင်နှင့်ပတ်သက်၍ တရုတ်အစိုးရသည် အကျပ်အတည်းအမျိုးမျိုးနှင့် တွေ့ကြုံနေရသည်။ တရုတ်တို့က ဖြေရှင်းရန် တက်တက်ကြွကြွ ကြိုးစားခြင်း မရှိပေ။ အကယ် ၍ ကြိုးစားခဲ့လျှင် မြန်မာတို့က ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်သည်ဟု ရှုမြင်နိုင်သည်။ သို့သော်လည်း ပဋိပက္ခကို အဆုံးမသတ်နိုင်ခြင်းကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် လုံခြုံရေး အကျိုးစီးပွားကို ထိခိုက်သည့် စေ့စပ်ဆွေးနွေးရန် ကချင်တို့ကို ဖိအားပေးလျှင် နေပြည်တော်ကို

mgyoe.com

mgyoe.com

ကူညီရာရောက်ပြီး တရုတ်–မြန်မာ ဆက်ဆံရေးကို ကောင်းမွန်ရာရောက်ပြီး တရုတ်–မြန်မာ ဆက်ဆံရေးကို ကောင်းမွန်စေနိုင်သည်။ သို့သော် မြန်မာ့နိုင်ငံရေး၏ မရေရာသော သဘာဝကြောင့် ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ်တွင် မူဝါဒအတွက် ကေအိုင်အေကို လိုအပ်လာသောအခါ တရုတ်အစိုးရ၏ အကျိုးစီးပွားကို ထိခိုက်ခြင်း မရှိနိုင်ဟု အာမမခံနိုင်ပေ။

တရုတ်တို့က တိုင်းရင်းသား အပစ်အခတ်ရပ် အုပ်စုများ၌ ဇွဲစပ်ဆွေးနွေးရန်၊ ငြိမ်းချမ်းရေးဗဟိုဌာန တည်ဆောက်ခြင်းကို သဘောကျသည်။ ငြိမ်းချမ်းရေးဗဟိုဌာနက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် အဓိကအချက်တစ်ရပ် အနေဖြင့် သဘာဝသယံဇာတမှ ရရှိသော အကျိုးအမြတ်ကို ကချင်နှင့်ခွဲဝေခံစားရန် အဆိုပြုချက်ကိုလည်း သဘောတူသည်။ သို့သော် ကချင်တို့က လောလောဆယ် ကချင်ပြည်နယ်ရှိ သယံဇာတများကို စစ်တပ်ကပိုင်ဆိုင်နေခြင်းကြောင့် စစ်တပ်၏လုပ်ရပ်အပေါ် သမ္မတ၏ ထိန်းချုပ်နိုင်စွမ်းကို သံသယရှိသည်။ မြန်မာသုတေသီတို့က ကချင်ဒေသတွင် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းမှုမှန်သမျှသည် သမ္မတက စစ်တပ်ကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်စွမ်းအပေါ် မူတည်သည်။ တစ်ဖန် ထိုထိန်းချုပ်နိုင်စွမ်းသည် ဦးသိန်းစိန်၊ ဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ စုစည်းခိုင်မာမှုအပေါ်တွင်လည်း မူတည်သည်ဟု တွက်ဆကြသည်။ စစ်တပ်ကို ထိန်းချုပ်ရန်အရေးတွင် တစ်ဦးချင်း၏ အစီအစဉ်များ၊ ရည်မှန်းချက်များနှင့် ပြိုင်ဆိုင်မှုများကို မည်မျှဘေးဖယ်ထားနိုင်ခြင်း ရှိမရှိ ဆိုသည့်အချက်က ၎င်းတို့၏ခေါင်းဆောင်မှုကိုစမ်းသပ်ကာ နိုင်ငံ၏ အနာဂတ်အတွက် စိန်ခေါ်မှုတစ်ခု ဖြစ်မည်။

၅ ရှေ့အလားအလာ

မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများသည် အမေရိကန် သံတမန်တို့က 'ပထမအဆင့် အောင်မြင်မှု' ဟု မြင်သော အောင်မြင်မှုများကို ရရှိစေခဲ့ပါသည်။ ဒီမိုကရေစီမူဘောင်များနှင့် လုပ်ထုံးလုပ်နည်းများကို အခြေခံအားဖြင့် နေရာချခဲ့ပါပြီ။ သို့သော် ပို၍ခက်ခဲသော လုပ်ငန်းတွေ ကျန်နေသေးသည်။ ယခုအခါ နိုင်ငံရေးအင်အားစု အသီးသီးသည် နိုင်ငံရေး အခင်းအကျင်းသစ်တွင် မည်သို့မည်ပုံ ဆက်ဆံကြမည်ကို ဖော်ထုတ်ရန် လိုအပ်လာသည်။ အစိုးရကလည်း နိုင်ငံရေးစီးပွားရေး လွတ်လပ်ခွင့်များကို ဆာလောင်နေကြသော ပြည်သူများအတွက် တကယ်တမ်း စီးပွားရေးအသီးအပွင့်တွေ ခံစားနိုင်စေရန် ဆောင်ရွက်ပေးရပါမည်။ ရှေ့လမ်းခရီးမှာ ထိတ်လန့်တုန်လှုပ်ချင်စရာတွေလည်း ရှိသည်။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် တရုတ်နိုင်ငံသည် အရေးပါသည်။ နိုင်ငံရေးအရ တရုတ်နိုင်ငံက မြန်မာနိုင်ငံကို ဖရိုဖရဲ နိုင်သည်။ စုစုစည်းစည်းမရှိ၊ အုပ်စုလိုက် ပြိုင်ဆိုင်မှုတွေ ရှိနေသည်ဟု မြင်သည်။ စီးပွားရေးအရ ဦးသိန်းစိန်အစိုးရသည် တိုးတက်မှုရရှိရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရေးနှင့် စီးပွားရေးစွမ်းဆောင်ရည် မြင့်မားလာစေရေးတို့အတွက် ထိရောက်သော မူဝါဒများ ချမှတ်ရန် လိုအပ်သည်။ အမျိုးသား ရင်ကြား

mgyoe.com

mgyoe.com

စေ့ရေးတွင် စေ့စပ်ဆွေးနွေးမှုများ အဆုံးသတ်နိုင်ရန်အတွက် ဆယ်စုနှစ်နှင့်ချီ၍ မကြာလျှင်ပင် နှစ်ချီ၍ ကြာမြင့်နိုင်သည်။ ဤအချက်များအပေါ်အခြေခံ၍ တရုတ်သုတေသီတို့က လာမည့် နှစ်များတွင် မြန်မာနိုင်ငံသည် ပြည်တွင်းရေးကိစ္စများအတွက် အဓိကအားဖြင့် အလုပ်ရှုပ်နေမည်ဟု ကောက်ချက်ဆွဲကြသည်။

မြန်မာနိုင်ငံ၏ အားနည်းချက်များသည် တရုတ်တို့အတွက် သတင်းကောင်းများ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံ ရင်ဆိုင်နေရသော ပြည်တွင်းပြဿနာများကို ကြည့်ပြီး အနောက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများသည် စီးပွားရေးအရဆက်ဆံရာတွင် ပို၍ သတိထား လာကြသည်။ ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် အရှိန်လျှော့သည့် အပိုင်းတွေရှိသော်လည်း ငွေကြေး အင်အား တောင့်တင်းမှုအရသော်လည်းကောင်း၊ ပထဝီအနေအထားအရ နီးစပ်မှုနှင့် အခြား တစ်ပန်းသာသော အခြေအနေများကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် တရုတ်နိုင်ငံသည် မိမိကိုယ်မိမိ မရှိမဖြစ်ဟု ရှုမြင်သည်။

မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကြောင့် တရုတ်နိုင်ငံအတွက် အခက်အခဲများ၊ မသေ ချာမရေရာမှုများ ရှိသော်လည်း တရုတ်တို့က မည်းမှောင်သော တိမ်စိုင်တိမ်လိပ်တွေ၊ ငွေနား ကွပ်ထားသည်ကို မြင်နေဆဲဖြစ်ပါသည်။

■


mgyoe.com

mgyoe.com

# ပြည်ပရောက်မြန်မာလုပ်သားများက ပြန်ပို့သောငွေကြေးများ

၁၉၈၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် လူပေါင်းမည်မျှ နေထိုင်ကြောင်း ဒုက္ခရှာပြီး ရေတွက်ခြင်းမပြုကြ။ ထို့ကြောင့် စစ်တပ်၏အုပ်စိုးမှုအောက်တွင် နိုင်ငံမှ လူပေါင်းမည်မျှ ထွက်ခွာသွားသည်ကိုလည်း မည်သူမျှ မသိသည်မှာ မဆန်းပါ။ အစိမ်းရောင်ဝတ်က နိုင်ငံ၏ စီးပွားရေးကို စီမံခန့်ခွဲရာများတွင် လွဲချော်ခြင်းကြောင့် ပြည်တွင်းတွင် အလုပ်အကိုင် အခွင့်အလမ်းများ မရရှိနိုင်သည့် မရေမတွက်နိုင်သော နိုင်ငံသားများ မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ကြသည်။ ၂၀၀၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) က မြန်မာ့လူဦးရေ၏ ၁၀%သည် နိုင်ငံပြင်ပတွင် နေထိုင်သည်ဟု တွက်ဆသည်။ ထိုအချိန်က မြန်မာ့လူဦးရေသန်း ၅၀ မှ ၅၅ သန်းအတွင်း ရှိသည်ဟု တွက်ဆကြသည်။

အိုင်အိုအမ်၏ ခန့်မှန်းချက်သည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်သော မြန်မာဦးရေ ၂ သန်းမှ ၄ သန်းအကြား မလေးရှားတွင် ၅ သိန်းခန့်၊ စင်ကာပူတွင် ၁ သိန်းခန့်၊



mgyoe.com

mgyoe.com

ဂျပန်နှင့် တောင်ကိုရီးယားတွင် ထောင်ဂဏန်းခန့်၊ အိန္ဒိယနှင့် တရုတ်တွင် နေထိုင်သူ အရေအတွက်မသိဟူသော မကြာမီက ခန့်မှန်းချက်တစ်ခုနှင့် တိုက်ဆိုင်သည်။

အကယ်၍ မြန်မာငါးသန်းခန့်က ပြည်ပတွင် အသက်မွေးဝမ်းကျောင်း ပြုနေကြသည်ဆိုလျှင် ယခင်နှစ်က မြန်မာနိုင်ငံ၏ ဗဟိုဘဏ်သို့ ပြည်ပရောက် အလုပ်သမားများက မြန်မာနိုင်ငံသို့ ပြန်ပို့ငွေ ဒေါ်လာ ၅၆၆ သန်း၊ တိုင်းပြည်ဝင်ငွေ၏ ၁.၁% သာ ဝင်ရောက်လာခဲ့သည်ကို ဘယ်လိုသဘောထားကြမည်နည်း။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်တွင် ဒေါ်လာ ၁၄ ဘီလီယံ ဂျီဒီပီ၏ ၁၂% ရရှိအောင် တရားဝင်လမ်းကြောင်းက လွှဲပို့ပေးနိုင်အောင် ဆောင်ရွက်နိုင်သည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် ပြင်ပတွင် အလုပ်လုပ်သူ အတူတူလောက် ရှိသည်။

စိုက်ပျိုးရေးဖွံ့ဖြိုးမှု နိုင်ငံတကာ ရန်ပုံငွေအဖွဲ့ (IFAD) နှင့်ကမ္ဘာ့ဘဏ်တို့က ပြည်ပတွင် အလုပ်လုပ်သော သာမန် အာရှတိုက်သားတစ်ယောက်သည် နှစ်တိုင်း ဒေါ်လာလေးထောင်ခန့် အိမ်ပြန်ပို့သည်ဟု တွက်ဆသည်။ အခြားသူများထက် ချို့တဲ့သော မြန်မာတွေက တစ်ဝက်လောက် ပြန်ပို့သည်ဟု တွက်ဆနိုင်သည်။ ထိုမျှ ပြန်ပို့လျှင် ဒေါ်လာ ၁၀ ဘီလီယံခန့် ရှိသည်။ ထိုပမာဏသည် မြန်မာ့နှစ်စဉ် သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချမှုမှ ရငွေကို ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှု တန်ဖိုးတို့၏ ပေါင်းလဒ်ထက်ပင် များသေးသည်။

ထိုမျှ စာရင်းကွာခြားချက် ကြီးမားနေသည်မှာလည်း မဆန်းလှပါ။ ပြည်ပရောက် မြန်မာလုပ်သားတွေက သူတို့၏ ဘဏ်တွေကို အယုံအကြည်မရှိ၊ အလွတ်လမ်းကြောင်းတွေက တစ်ဆင့် အိမ်ကို ငွေပြန်ပို့တတ်သည်။ ထိုသို့ပို့သည်မှာလည်း မှန်သည်။ နှစ်ပေါင်းငါးဆယ်ခန့်အတွင်း မြန်မာ့ဘဏ်လုပ်ငန်းသည် အစိုးရ၏ ဘဏ်လုပ်ငန်းတစ်ခုအဖြစ်ထက် မပို။ ငွေဖောင်းပွမှုနှင့် အပ်ငွေအပေါ်ပေးသော အတိုးနိမ့်ကျမှုတို့ ပေါင်းလိုက်သောအခါ ဘဏ်တွင် ငွေအပ်ထားခြင်းသည် အရှုံးနှင့်ရင်ဆိုင်ရမည့်သဘော ဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် ဘဏ်စနစ်တစ်ခုလုံး ယိုယွင်းပြိုကွဲခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တရားမဝင် ငွေကြေးသော အကြိမ် အနည်းဆုံး ၃ ကြိမ် ရှိသည်။ ၁၉၈၇ ခုနှစ်တွင် အစိုးရက ၂၅ ကျပ်၊ ၃၅ ကျပ်နှင့် ၇၅ ကျပ်တန်တွေကို ကြိုတင်သတိမပေး၊ အလျော်လည်းမပေးဘဲ ချက်ချင်းပယ်ဖျက်ပစ်ခဲ့ရာ ဈေးကွက်ထဲလည်ပတ်နေသော ငွေစက္ကူများ၏ ၇၅% သည် တန်ဖိုးမဲ့ ဖြစ်သွားခဲ့ရသည်။ အစိုးရ၏ ရှုထောင့်မှကြည့်လျှင် ပြည်သူတွေက ဘဏ်ကို ယုံကြည်ရခက်နေခြင်းသည် အထိအခိုက်ကြီးမားသော ရောမပြဿနာကြီးတစ်ခု ဖြစ်သည်ဟု UNCTAD ၏ ညွှန်ကြားရေးမှူးက ပြောသည်။ ဆိုလိုသည်မှာ အစိုးရသည် နိုင်ငံခြားငွေ လဲလှယ်ရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော သီးသန့်နိုင်ငံခြားငွေ အနည်းငယ်သာရှိနေသည့် အဓိပ္ပာယ် ဖြစ်သည်။ (၂၀၁၂ ခုနှစ်တွင် ဗဟိုဘဏ်က ၃၅ နှစ်ကြာ ချမှတ်ကျင့်သုံးခဲ့သော ပုံသေဖလှယ်နှုန်းစနစ်ကို ဖျက်သိမ်းကာ စီမံခန့်ခွဲမှုရှိသော နှုန်းရှင်မျှောစနစ်ကို ကျင့်သုံးပြီးနောက် မြန်မာငွေတန်ဖိုးသည် ၂၀% ကျလာခဲ့သည်။) ဒုတိယအချက်အနေဖြင့် နိုင်ငံခြားငွေ လက်ကျန်နည်းနေခြင်းသည် မြန်မာနိုင်ငံကို ငွေချေးရန် အပေါင်ထားစရာ နည်းနေသည့်သဘော၊ ငွေချေးငှားသင့်သည့်

mgyoe.com

mgyoe.com

အဆင့်နိမ့်နေသဖြင့် ပေးရသည့်အတိုး၊ ငွေကြေး၏စရိတ်၊ ယေဘုယျအားဖြင့် မြင့်နေသောသဘော ဖြစ်သည်။ တတိယ အချက်အနေဖြင့် တရားမဝင် ဝင်ရောက်လာသောငွေကြေး များသည် တရားမဝင်ကုန်သွယ်မှုကို ဖြစ်စေသည်ဟု ညွှန်ကြား ရေးမှူးက ဆိုသည်။

ထို့ကြောင့် ပြည်ပရောက် အလုပ်သမားတွေက မိသားစု များထံ ပြန်ပို့သောငွေကို ဖျာအောက်တွင် သိမ်းမထားဘဲ အကျိုးရှိရှိ အသုံးချနိုင်ရန် လိုအပ်သည်။

နောက်ဆုံးတွင် နိုင်ငံနှင့် ဘဏ်များကို တံခါးဖွင့်ပေးခဲ့ နိုင်သော်လည်း ကျိုးပျက်နေသော ယုံကြည်မှုပြန်လည် တည် ဆောက်ရန် ခက်ခဲပါသေးသည်။ မြန်မာ ပုဂ္ဂလိကဘဏ် အတော် များများသည် ပြည်ပရောက် မြန်မာအလုပ်သမားများ အဆင်ပြေစေရန်အတွက် ထိုင်း၊ မလေး ရှားနှင့် စင်ကာပူတို့ရှိ ဘဏ်များနှင့် ချိတ်ဆက်ထားကြသည်။ ဖွံ့ဖြိုးရေးအမြင်ဖြင့် ကြည့်လျှင်ငွေပြန်ပို့ရာတွင် လမ်းကြောင်းအသစ်များ သုံးနိုင် ခြင်းသည် သတင်းကောင်း ဖြစ်သည်။ တရားဝင် မှတ်ပုံတင်ရှိ ပြည်ပရောက် မြန်မာလုပ်သားများသည် ပြည်ပတွင် စုဆောင်း မှုပြုကာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် အခွင့်အလမ်း တစ်ခု ဖြစ်လာသည်။

သို့သော် ပြီးပြည့်စုံသော အဖြေတစ်ခုတော့ မဟုတ်သေး ပါ။ အလွှတ်လမ်းကြောင်း (ဟွန်ဒီ) မှတစ်ဆင့် ငွေလွှဲပို့ရသည် ကို ပို၍သဘောကျသော ပြည်ပရောက် အလုပ်သမားများ၏ လုပ်ပိုကိုင်ပုံတွေ ပြောင်းလဲရန် အချိန်ပေးရ၊ အချိန်စောင့်ရပါဦးမည်။ ဖွံ့ဖြိုးဆဲနိုင်ငံ များတွင် မျိုးဆက်ပွားအလေ့အထကို တိုင်းတာရရှိသည့်နှုန်း ပြောင်းလဲသော်လည်း ဖွားသေနှုန်းတွေ ချက်ချင်းမကျသည်ကို သတိရပါ။ အစိုးရက သူတို့လွှဲလိုက်သော ငွေအားလုံး သိမ်းကျုံး ယူငင်သွားမည့် အန္တရာယ် မရှိတော့သော်လည်း ပြည်ပရောက် အလုပ်သမားတွေက အချိန်အတိုင်းအတာတစ်ခုအထိ



mgyoe.com

မယုံမကြည်ဖြစ်ကာ စိုးရိမ်ကြောင့်ကြနေကြဦးမည်သာဖြစ်သည်။

ပြည်ပရောက် အလုပ်သမားတွေ လွှဲပို့သော ဘီလီယံနှင့်ချီသည့် ငွေကြေးတွေ၊ မြန်မာ့တရားဝင် ဘဏ်စနစ်တွင်း ဝင်ရောက်ရေးတွင် အကြီးမားဆုံး အဟန့်အတားမှာ ပြည်ပငွေလွှဲလုပ်ငန်းတွေက နေရာအနှံ့ရှိနေခြင်း ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ၂ သန်းမှ ၄ သန်းအထိ ရှိနေကြသော မြန်မာလုပ်သားများအတွက် သမားရိုးကျ ဟွန်ဒီစနစ်သည် ဘဏ်တွေထက် စရိတ်သက်သာ၊ မြန်ဆန်ကာ စိတ်ချလုံခြုံမှုရှိသည်။ ကြေးနန်းဖြင့် ငွေလွှဲစရာမလိုဘဲ ဘန်ကောက်ရှိ ပွဲစားတွေက မြန်မာဘဏ်ကို ငွေထုတ်ပေးရန် ပြောလိုက်ရုံဖြင့် နေ့ချင်းငွေထုတ်ပေးနိုင်သည်။ (ကျေးလက်နေ မြန်မာပြည်သူတို့ပင် စရိတ် အနည်းငယ်ကြီးသော်လည်း အိမ်အရောက်ပို့ပေးနိုင်သော ကယ်ရီစနစ်ကို ကျင့်သုံးနိုင်သည်။)

ထိပ်တန်း ဟွန်ဒီသမားတစ်ယောက်ကို ဘန်ကောက် စီးပွားရေးအဝန်းအဝိုင်း ဗဟိုတွင် တွေ့ရနိုင်သည်။ ငွေလွှဲရုံသာမက အရောင်းအဝယ်လည်း လုပ်သည်။ သူယူသော ဝန်ဆောင်ခက နိမ့်လှသဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွေ၊ ငွေလွှဲကုမ္ပဏီတွေက ထိုင်းရောက် မြန်မာ အလုပ်သမားတွေအတွက် ငွေလွှဲပေးရန် ကြိုးစားကြည့်ကြပုံတော့ရသော်လည်း နည်းလမ်းတွေ့ပုံမပေါ်။ ထိုင်းနိုင်ငံတွင် တတိယအကြီးဆုံး ဆီယမ်ကော်မာရှယ်ဘဏ်သည် မေလ ၃၁ ရက်နေ့အထိ ငွေလွှဲအသစ်တွေအတွက် ငွေလွှဲခဘတ် ၂၀၀ ကောက်ခံခြင်းမပြုပါဟုပင် ကြေညာခဲ့ရသည်။

ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံစလုံးတွင် တရားဝင်မဟုတ်သော စီးပွားရေးလုပ်ငန်းများ၏ တိုင်းပြည်ဝင်ငွေတွင် ပါဝင်သော အချိုးအစားက အလွန်ကြီးမားသည်။ အာရှတိုက်တွင်းရှိ အခြားနိုင်ငံများတွင် အကြီးမားဆုံး ဖြစ်သည်။ ထိုနှစ်နိုင်ငံအကြား တရားမဝင် ငွေလွှဲတွေကို တရားဝင် လွှဲခိုင်းနိုင်ရန်အရေး အချိန်ပေးရ၊ စောင့်ရဦးမည်။

တရားမဝင် လမ်းကြောင်းမှ ငွေလွှဲခြင်းသည် တရားမဝင်ကုန်သွယ်မှုနှင့် ခေါင်းနှင့်ပန်းလို ဖြစ်သည်။ ထိုင်းနိုင်ငံရှိ ငွေလွှဲသူက မြန်မာဘက်ကို ငွေချေခိုင်းလိုက်သောအခါ မြန်မာဘက်ကို ထိုင်းဘက်က ကြွေးတင်သွားသည်။ မြန်မာဘက်နှင့် ထိုင်းဘက်အကြား ချေစရာကို ရွှေတွေ၊ သတ္တုတွေ၊ ကီလိုမီတာ ၁၈၀၀ ကျော် ရှည်လျားသော နယ်စပ်ဖြတ်ကျော် တရားမဝင် ရောင်းဝယ်နိုင်သော ပစ္စည်းများဖြင့် မကြာခဏ ပေးချေတတ်လေ့ ရှိသည်။

■


mgyoe.com

mgyoe.com

# လူ သန်း ၁၀၀၀ ဆင်းရဲတွင်းက လွတ်ပြီ

၁၉၄၉ ခုနှစ်က ပထမဆုံးမိန့်ခွန်း ပြောကြားရာတွင် အမေရိကန်သမ္မတ ဟယ်ရီထရူးမင်းက 'ကမ္ဘာပေါ်က လူတစ်ဝက်ကျော်သည် ဒုက္ခရောက်လုနီးနီး အခြေအနေတွင် နေနေကြရသည်။ သမိုင်းတွင် ပထမဆုံးအကြိမ် ထိုပုဂ္ဂိုလ်များ၏ဒုက္ခ သက်သာရာရစေမည့် ကျွမ်းကျင်မှုနှင့် ဗဟုသုတများကို လူသားတို့ ပိုင်ဆိုင်ပြီ'ဟု ပြောကြားခဲ့သည်။ တကယ်တော့ သူ မျှော်လင့်ထားသည်ထက် အချိန်အများကြီး ပိုကြာသွားခဲ့သည်။ မကြာသေးမီကမှ ဆင်းရဲဒုက္ခရောက်နေသည့် လူတွေကို ဆွဲတင်သည့်အရေးတွင် သိသိသာသာ တိုးတက်လာခဲ့ခြင်း ဖြစ်သည်။ ၁၉၉၀ နှင့် ၂၀၁၀ အကြားတွင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဆင်းရဲသားဦးရေ အချိုး အစားသည် ၄၃% မှ ၂၁% သို့ ကျဆင်းသွားခဲ့ရာ လူ သန်း ၁၀၀၀ နီးပါးရှိသည်။

ကံဆိုးမိုးမှောင်ကျနေသူများကို ကယ်တင်မည်ဟု သမ္မတထရူးမင်း ပြောခဲ့သော စကားကို ကမ္ဘာကြီးက ယခုမှသာ အလေးအနက် ပြောဆိုခွင့်ရသည်။ ကမ္ဘာပေါ်တွင်



mgyoe.com

mgyoe.com

နေထိုင်ကြသော လူဦးရေ သန်း ၇၀၀၀ အနက် သန်း ၁၁၀၀ သည် နိုင်ငံတကာ သတ်မှတ်ချက်ဖြစ်သော တစ်နေ့ ဝင်ငွေ ၁.၂၅ ဒေါ်လာ အောက်တွင် နေထိုင်ကြရသူများ ဖြစ်သည်။ ထိပ်တန်းနိုင်ငံရေးသမားများ အစိုးရအရာရှိကြီးများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ၂၀၀၀ ပြည့်နှစ်စက်တင်ဘာလတွင် ရေးဆွဲပြီး ၂၀၁၅ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များကို အစားထိုးရန် အတွက် လျာထားချက် အသစ်များ ပြင်ဆင် ရေးဆွဲကြတော့မည်။ သက္ကရာဇ် ၂၀၃၀ တွင် နောက်ထပ် သန်း ၁၀၀၀ သော လူဦးရေ ဆင်းရဲတွင်းမှ ဆွဲထုတ်နိုင်ရန်အတွက် အစိုးရများက အဓိကရည်မှန်းချက် အသစ်တစ်ရပ်အနေဖြင့် ချမှတ်သင့်သည်။

ဖွံ့ဖြိုးပြီး နိုင်ငံများတွင် မည်သူမျှ တစ်နေ့ ၁.၂၅ ဒေါ်လာနှုန်းနှင့် နီးနီးစပ်စပ် မရှိ။ အမေရိကန်နိုင်ငံတွင် မိသားစုဝင် ၄ ယောက် ရှိသော အိမ်ထောင်စုတစ်ခုကို ၆၃ ဒေါ်လာရမှ ဆင်းရဲသည်ဟု သတ်မှတ်သည်။ တိုးတက် ထွန်းကားစ နိုင်ငံများတွင် ၄ ဒေါ်လာဟု သတ်မှတ်သည်။ ၂၀၀၅ ခုနှစ်က ဈေးနှုန်းနှင့် နိုင်ငံအလိုက် ဝယ်နိုင်စွမ်း ကွာခြားမှုတွေကို ထည့်တွက်ကာ သတ်မှတ်ခြင်း ဖြစ်သည်။ ထိုနှုန်းထားများအောက် ဝင်ငွေရှိသူကို ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ ရှိသည်ဟု သတ်မှတ်သည်။

ကမ္ဘာပေါ်တွင် လူအများစု အထူး တောင်းယူစရာမလိုပဲ အလိုအလျောက် ရနေသော ကျန်းမာရေး၊ ပညာရေး၊ အဝတ်အထည်၊ နေထိုင်စရာမျှသာမက ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးအတွက် အာဟာရပင် မပြည့်စုံသူများ ဖြစ်ကြသည်။ ထိုသူများ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရေးသည် ကြွယ်ဝချမ်းသာသော ကမ္ဘာကြီးအတွက် လုံလောက်သော ရည်မှန်းချက်မျှသာမက လိုအပ်သော ရည်မှန်းချက်လည်း ဖြစ်သည်။

မည်သည့် ရှုထောင့်မှ ကြည့်ကြည့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက် ကမ္ဘာကြီး၏ စွမ်းဆောင် အောင်မြင်မှုသည် လေးစားအထင်ကြီးလောက်သည်။ မိခင်လောင်း သေဆုံးမှုကို လေးပုံသုံးပုံ လျော့ချရေး၊ ကလေးသေဆုံးမှုကို သုံးပုံနှစ်ပုံလျော့ချရေးကဲ့သို့သော ရည်မှန်းချက်များ အပါအဝင် မူလထောင်စုနှစ် ရည်မှန်းချက် အတော်များများကို ပြည့်မီအောင် ဆောင်ရွက်ခြင်း မပြုနိုင်ပါ။ သို့သော် ၁၉၉၀ နှင့် ၂၀၁၅ အကြား ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု တစ်ဝက် လျော့ချရေးဟူသော ရည်မှန်းချက်ကို ၅ နှစ်စောစွာ ရရှိအောင်မြင်ခဲ့သည်။

ဆင်းရဲဒုက္ခရောက်မှု အပေါ် အာရုံစိုက်စေရန်အတွက် ထောင်စုနှစ် ရည်မှန်းချက်များက အနည်းအကျဉ်းမျှ အထောက်အပံ့ ဖြစ်ခဲ့ပါမည်။ ထောင်စုနှစ် ရည်မှန်းချက်များသည် တိုးတက်မှုကို တိုင်းတာရန်အတွက် ကိုက်တံတစ်ခုအဖြစ်သာ ထမ်းဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု လျော့ကျခြင်းအတွက် အများကြီး ကျေးဇူးတင်ထိုက်သူမှာ အရင်းရှင်စနစ်နှင့် လွတ်လပ်စွာ ကုန်သွယ်မှုတို့ဖြစ်သည်။ ၎င်းတို့ကြောင့် နိုင်ငံတွေ တိုးတက် ထွန်းကားလာခဲ့ခြင်း၊ ထိုသို့ တိုးတက် ကြီးပွားလာခဲ့ခြင်းကြောင့်လည်း ဆင်းရဲနွမ်းပါးမှု လျော့ကျခဲ့ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

နှစ်ဆယ်ရာစုနှစ် အဆုံးပိုင်းကတည်းကပင် ဆင်းရဲနွမ်းပါးမှုနှုန်းများ စတင်ကျဆင်းခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုးတက်မှုနှုန်းသည် ၁၉၉၆–၂၀၀၀ ကာလ အတွင်း ပျမ်းမျှ ၄.၄% သာရှိရာမှ ၂၀၀၀–၂၀၁၀ ကာလအတွင်း ၆% အထိ တိုးတက်ခဲ့ခြင်းသည် အဓိကအကြောင်း အရာတစ်ခု ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု လျော့ကျရာတွင် သုံးပုံနှစ်ပုံသည် စီးပွားရေး တိုးတက်မှုကြောင့် ဖြစ်ပါသည်။ ကျန်သုံးပုံတစ်ပုံသည် ဆင်းရဲချမ်းသာကွာဟမှု နည်းပါးလာခြင်းကြောင့် ဖြစ်သည်။

ဆင်းရဲချမ်းသာ ကွာဟမှု ကြီးမားသော နိုင်ငံများ၌ပင်လျှင် ဝင်ငွေ ၁% တိုးတက်လျှင် ဆင်းရဲနွမ်းပါးမှု ၀.၆% ကျဆင်းသည်။ ဝင်ငွေ အနိမ့်အမြင့် ကွာဟမှု နည်းသော နိုင်ငံများ၌ ဝင်ငွေ ၁% တိုးတိုင်း ဆင်းရဲနွမ်းပါးမှု ၄.၃% ကျဆင်းသည်။

တရုတ်နိုင်ငံသည် ထောင်စုနှစ် ရည်မှန်းချက်များကို စိတ်ဝင်စားကြောင်း မည်သည့်အခါကမျှ မပြသခဲ့ပါ။ သို့သော် ဆင်းရဲမှု လျော့ကျရခြင်း၏ လေးပုံသုံးပုံသည် တရုတ်နိုင်ငံနှင့် သက်ဆိုင်သည်။ တရုတ်နိုင်ငံတွင် ဆင်းရဲချမ်းသာ ကွာဟမှု ကြီးမားလာနေသော်လည်း စီးပွားရေး တိုးတက်မှုက မြန်ဆန်သဖြင့် လုံးဝဆင်းရဲနွမ်းပါးမှုမရှိတော့ပေ။ ၁၉၈၁–၂၀၁၀ ကာလ



mgyoe.com

mgyoe.com
အတွင်း တရုတ်နိုင်ငံသည် လူသန်းပေါင်း ၆၈၀ ကို ဆင်းရဲတွင်း ထဲမှ ဆွဲထုတ်နိုင်ခဲ့သည်။ အလွန်အမင်း ဆင်းရဲသောနှုန်းသည် ၁၉၈၀ တွင် ၈၄% ရှိခဲ့ရာမှ ယခုအခါ ၁၀% သာ ရှိတော့သည်။

ထို့ကြောင့်ပင် လွန်ခဲ့သော အနှစ် ၂၀ က လူသန်းတစ်ထောင်ကို ဆင်းရဲတွင်းမှ ဆွဲထုတ်နိုင်ခဲ့ခြင်းထက် လာမည့် အနှစ် ၂၀ တွင် ဆွဲထုတ်ရန် ခက်ခဲသည့် အကြောင်းတစ်ရပ် ဖြစ်လာခဲ့သည်။ အိန္ဒိယနှင့် အာဖရိကတို့တွင် ဆင်းရဲမှုနှုန်းလျှော့ချရန် လျာထားသည်။ သို့သော် ဒေသများတွင် စီမံအုပ်ချုပ်မှု ပို၍ အားနည်းခြင်းကြောင့် တရုတ်နိုင်ငံ ဖြစ်သလို မြန်မြန်ဆန်ဆန် မဖြစ်နိုင်။ အခြားအကြောင်းတစ်ခုမှာ လွန်ခဲ့သောအနှစ် ၂၀ က တစ်နေ့ဝင်ငွေ ၁.၂၅ ဒေါ်လာထက် ပိုရအောင် ဆွဲတင်ရသည်မှာ လွယ်ကူသည်။ ဆင်းရဲမျဉ်းအောက် ရောက်နေသူတွေက အများကြီးရှိနေ၍ ဖြစ်သည်။ စီးပွားရေး တိုးတက်မှုကြောင့် သူတို့ကို နည်းနည်းလေး အခြေအနေ ပိုကောင်းအောင် လုပ်ပေးလိုက်ရုံနှင့် ဆင်းရဲမျဉ်း အပေါ်သို့ ရောက်လာကြသည်။ ယခုအခါ ဆင်းရဲမျဉ်းအောက် ရောက်နေသူ နည်းသွားသောအခါ ဆင်းရဲမျဉ်းအပေါ်သို့ လူအများအပြား ရောက်အောင် တင်ပေးရန်မှာ ပို၍ ခက်ခဲသွားသည်။

ထိုသို့ သတိထားစရာတွေ ရှိသော်လည်း ဆင်းရဲမှုလျှော့ချရေး ရည်မှန်းချက်ကို ရရှိအောင် ဆောင်ရွက်နိုင်သည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ရရှိခဲ့သော တိုးတက်မှုနှုန်းကို ဖွံ့ဖြိုးဆဲနိုင်ငံများက ဆက်လက် ထိန်းသိမ်းထားနိုင်မည်ဆိုလျှင် ဆင်းရဲသော နိုင်ငံများကို တိုးတက်မှုမြန်ဆန်သော အလယ်အလတ် ဝင်ငွေရနိုင်ငံများက ချန်မထားခဲ့လျှင် တိုးတက်မှု၏ အသီးအပွင့်များကို ချမ်းသာသူတွေသာ ခံစားကြရခြင်း မဟုတ်။ ဆင်းရဲချမ်းသာကွာဟမှု ကြီးမားကျယ်ပြန့်လာခြင်း မရှိလျှင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ယခုအခါ ဆင်းရဲမှုနှုန်း ၁၆% ရှိရာမှ ၂၀၃၀ တွင် ၃% အထိ ချနိုင်မည် ဖြစ်သည်။ တစ်နည်းအားဖြင့် လူသန်းပေါင်း တစ်ထောင်ဆင်းရဲတွင်းမှ လွတ်မည်။ အကယ်၍ တိုးတက်မှုနှုန်း အနည်းငယ် မြန်ဆန်ပြီး ဝင်ငွေ ခွဲဝေပုံလည်း ပို၍ ညီမျှမည်ဆိုလျှင် အလွန်အမင်း ဆင်းရဲသည့်နှုန်းသည် ၁.၅% သို့ ကျဆင်းကာ တတ်နိုင်သမျှ သုညနားကပ်သွားမည်။ ထိုအခါ ဆိုးဆိုးဝါးဝါး ဆင်းရဲသူ သန်း ၁၀၀ ခန့်သာ ကျန်တော့မည် ဖြစ်ပြီး အများစုသည် အာဖရိကတွင် ဖြစ်မည်။ သန်းထောင်ချီ၍ ဆင်းရဲဒုက္ခရောက်ရသည် ဆိုသော အဖြစ်သည် သမိုင်းတွင် ကျန်ရစ်ခဲ့မည်။

ထိုသို့ အောင်မြင်မှုရရန် "အကယ်၍"တွေ အများကြီး လိုအပ်သည်။ သံသယသမားတွေ ဟောကိန်းထုတ်သလို ရောမ ခက်ခက်ခဲခဲအလုပ်ကြီးတော့ မဟုတ်။ ကမ္ဘာကြီးက ဆင်းရဲနွမ်းပါးမှု လျှော့ကျအောင် လုပ်တတ်နေပြီ။ ဦးတည်ချမှတ်သော မူဝါဒတွေကလည်း အောင်မြင်မှုရနေပြီ။ အခြေခံ လူမှုဖူလုံရေး ကွန်ရက်ဖြန့်ကြက်ရေး၊ ငွေသားလွှဲပြောင်းရေးတို့လို ဘရာဇီးနိုင်ငံ၌ လုပ်ခဲ့သော စီမံကိန်းတွေ အဆင်ပြေသည်။ အလားတူပင် အင်ဒိုနီးရှားတွင် ကျင့်သုံးခဲ့သော လူလတ်တန်းစားတွေကို စောင့်စား ထောက်ပံ့ကြေးပေးသည့် စနစ်၊ မိသားစု မှတ်ပုံတင်စနစ်တွေက ဆင်းရဲချမ်းသာကွာဟမှုကို ကြီးမားစေရာ ထိုမူဝါဒတွေကိုလည်း ဖျက်သိမ်းခဲ့ပြီ။
mgyoe.com

mgyoe.com
နည်းတကာ့ နည်းပေါင်းစုံ ရှိသည့်အထဲတွင် ဆင်းရဲနွမ်းပါးမှုကို အကြီးဆုံး လျှော့ချသည့်နည်းမှာ ဆင်းရဲသားတွေ ပိုမိုကြွယ်ဝချမ်းသာလာစေရန် အတွက် ဈေးကွက်ကို ဖြေလျှော့ပေးသည့် နည်း ဖြစ်သည်။ အာဖရိကမှာ သွင်းကုန်ခွန်တွေ မြင့်မားမှုဒဏ်ကို ခံခဲ့နရသည်။ တရုတ်နိုင်ငံတွင် ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်ကြီးပွားခွင့်ပြုလိုက်သဖြင့် ခုန်ပျံကျော်လွှားကာ တိုးတက်လာခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတစ်ခုနှင့် တစ်ခုအကြားတွင် လည်းကောင်း၊ နိုင်ငံတစ်ခု အတွင်း၌သော်လည်းကောင်း လွတ်လွတ်လပ်လပ် ကုန်သွယ်မှုပြုရန် လိုအပ်သည်။ အိန္ဒိယမှာရော၊ အာဖရိကမှာပါ လက်ဝါးကြီးအုပ်မှုတွေ၊ ထိန်းချုပ်မှုတွေ လွှမ်းမိုးနေဆဲ ဖြစ်သည်။

အနောက်နိုင်ငံ အတော်များများက စီးပွားရေး နေးကွေးမှုနှင့် ကြုံကြိုက်သည့်အခါ ဈေးကွက်ကို ထိန်းချုပ်ကာ ကမ္ဘာဆန်လာသည့် လမ်းကြောင်းကို ကိုယ့်နိုင်ငံထဲ ကိုယ်ပြန်ထည့်ရန် ကြိုးစားခဲ့ကြသည်။ သူတို့လုပ်သလို ဖွံ့ဖြိုးဆဲနိုင်ငံတွေက လိုက်လုပ်စေလိုကြသည်။ တကယ်တော့ ထိုအကြံတွေ မလိုအပ်ပါ။ ဖွံ့ဖြိုးပြီး နိုင်ငံတွေ တိုးတက်ချမ်းသာစေကာ အဆင်းရဲဆုံးသူတွေကို ဆင်းရဲတွင်းမှ ဆွဲထုတ်နိုင်ခဲ့သည်။ စီးပွားရေး ဥပဒေသတွေကို ကျင့်သုံးလျှင် ပြီးပြီ။

■

mgyoe.com


mgyoe.com

# လယ်သမားကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေနှင့် အနိမ့်ဆုံးအာမခံ ဆန်စျေးနှုန်းတို့အပေါ် နိုင်ငံတကာစီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာလှမြင့်၏ ထင်မြင်ချက်

**လယ်**သမား ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပါ "လယ်သမား" ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် မြေယာမဲ့ လယ်ယာလုပ်သားများ ပါဝင်ပုံမရပါ။ ထိုသို့ ပါဝင်ခြင်းမရှိလျှင် အဆိုပါအက်ဥပဒေသည် မြန်မာနိုင်ငံရှိ လယ်သမားများတွင် အဆင်းရဲဆုံးသူများကို ချန်ထားခဲ့သည်။ လေ့လာခန့်မှန်းချက်တစ်ခုအရဆိုလျှင် ၂၀၁၂–၂၀၁၃ တွင် မြေယာမဲ့ လယ်ယာလုပ်သား (၁၀) သန်းခန့် ရှိသည်။

(ကေ–ဖူဂျီတာ –၁၉၈၈ နောက်ပိုင်း မြန်မာနိုင်ငံ စီးပွားရေး အသွင်ကူးပြောင်းမှု၊ စာ–၂၅၀၊ စက်ကာပူအမျိုးသားတက္ကသိုလ် ပုံနှိပ်တိုက်၊ စင်္ကာပူ၊ ၂၀၀၉)

တစ်ချိန်တည်းမှာပင် အမျိုးသားဘတ်ဂျက်က ကျခံမည့် အနိမ့်ဆုံး အာမခံ ဆန်စျေးနှုန်းအစီအစဉ်ကို စတင်ကျင့်သုံးရန် စီစဉ်နေသည်ဟု နားလည်ပါသည်။ ၎င်းတို့ စိုက်ပျိုးသော ဆန်စပါးကို အနိမ့်ဆုံးစျေးနှုန်းတစ်ခု ရစေမည်ဟု အာမခံခြင်းဖြင့် လယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးသည့် လူမှုဖူလုံရေး အစီ



mgyoe.com

mgyoe.com
အစဉ်မျိုးတစ်ခုဖြစ်စေရန် ရည်ရွယ်သည်ဟု နားလည်ပါသည်။ အကယ်၍ ကမ္ဘာ့ဆန်ဈေးနှုန်းက ဖြစ်စေလိုသည့်ဈေးနှုန်းထက် ကျသွားခဲ့လျှင် အနိမ့်ဆုံး အာမခံဈေးနှုန်းကို အစိုးရက ဝင်ပေးမည်။ လောလောဆယ်တွင် အစိုးရက ဈေးကွက်အတွင်းသို့ ထိုသို့ ဝင်ရောက်ဆောင်ရွက်ရန် လိုအပ်နေလျှင် လယ်သမားတွေကို လက်ရှိ ကမ္ဘာ့ဆန်ပေါက်ဈေးထက် ဈေးပိုပေးမည်ဆိုသည့် အဓိပ္ပာယ်ထွက်သည်။ မိသားစုများ၏ အသုံးစရိတ်တွင် ဆန်သည် အဓိကပါဝင်ရာ ဤ စီမံကိန်းကို အကောင်အထည်ဖော်မည်ဆိုပါက မြန်မာတို့၏ လူနေမှုစရိတ်ကို သိသိသာသာ မြင့်သွားစေနိုင်ပါသည်။

အနိမ့်ဆုံးအာမခံဆန်ဈေးနှုန်း သတ်မှတ်ခြင်းကြောင့် မလိုလားအပ်သော ဤ ဘေးထွက်ဆိုးကျိုးကို ရင်ဆိုင်ရလျှင် အစိုးရက လူနေမှုစရိတ်တက်ခြင်းကို အမီလိုက်ရန်အတွက် လုပ်ခတက်ခွင့်ပြုခြင်း (သို့မဟုတ်) လုပ်ခတွေ မပြောင်းမလဲထားခြင်းကို စဉ်းစားရပါမည်။

လုပ်ခတွေ တက်ခွင့်ပြုလိုက်လျှင် မြန်မာနိုင်ငံအနေဖြင့် လုပ်အားများများသုံးကာ ကုန်ချောထုတ် စက်မှုလုပ်ငန်းများကို ချဲ့ထွင်မည်။ ထိုမှတစ်ဆင့် စီးပွားရေးတိုးတက်စေမည်ဆိုသည့် မြန်မာ့အလားအလာကို ဆိုးဆိုးဝါးဝါး ထိခိုက်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏လုပ်ခသည် အရှေ့တောင်အာရှတွင် အနိမ့်ဆုံးဖြစ်နေပြီး ထိုသို့ အနိမ့်ဆုံးဖြစ်နေခြင်းကြောင့်ပင် လုပ်အားသုံး ထုတ်လုပ်တင်ပို့ရောင်းချမှုတွင် မြန်မာနိုင်ငံက တစ်ပမ်းသာနေခြင်းဖြစ်သည်။ လုပ်ခနှုန်း နိမ့်ကျခြင်းကြောင့်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို လာရောက်ရန် ဆွဲဆောင်နိုင်ပြီး လုပ်ခတွေ မြင့်မားလာသော အိမ်နီးချင်းနိုင်ငံများမှ ၎င်းတို့၏ လုပ်အားသုံး လုပ်ငန်းပိုင်းကို မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းရန် စဉ်းစားနေကြခြင်းဖြစ်ပါသည်။


သို့ဖြစ်၍ အနိမ့်ဆုံးအာမခံ ဆန်ဈေးနှုန်းမူဝါဒသည် အမေရိကန်နှင့် ဥရောပတို့က စီးပွားရေးပိတ်ဆို့မှုကို ဖယ်ရှားလိုက်သဖြင့် လုပ်အားများများသုံးထုတ်လုပ်ရသည့် အဝတ်အထည်ကဲ့သို့သော ပို့ကုန်များ အခြေအနေကောင်းစပြုနေခြင်းကို မရည်ရွယ်ဘဲ ဒုက္ခပေးနိုင်ပါသည်။

အကယ်၍ အစိုးရက လုပ်ခနှုန်းများကို မပြောင်းလဲဘဲထားလျှင် လူနေမှုစရိတ် တက်လာခြင်းကြောင့် အမှန်တကယ်ရရှိသော လုပ်ခနှုန်းနှင့် လုပ်ခစားအားလုံးတို့၏ လူနေမှုအဆင့်အတန်းများကို လျော့ကျစေပါမည်။

ယခုခေတ်တွင် လယ်ယာလုပ်သားများကို ယခင်ကဲ့သို့ ရိတ်သိမ်းချိန်ရောက်မှ ဆန်မပေးဘဲ လစဉ် လုပ်ခငွေပေးနေရပါသည်။ '၎င်းတို့သည် ဆန်ဝယ်စားနေရသူများဖြစ်ပြီး၊ အိမ်ထောင်စုအသုံးစရိတ်အများစုကို အစားအစာအတွက် အကုန်အကျခံရပါသည်။' (ကေ-ဖူဂျီတာ -ဖော်ပြပြီးစာအုပ် စာ-၂၅၇)သို့ဖြစ်၍ အာမခံ အနိမ့်ဆုံး ဆန်ဈေးနှုန်းအစီအစဉ်သည် နိုင်ငံလူဦးရေ၏ အဆင်းရဲဆုံး၊ ဆင်းရဲသားများကို ပိုမိုဆင်းရဲအောင်လုပ်ရာ ရောက်သွားနိုင်ပါသည်။

မြို့ပေါ်ရှိ လုပ်ခစားများ၊ စက်ရုံလုပ်သားများနှင့် ဝန်ထမ်းများသည် လယ်ယာလုပ်သား
mgyoe.com

mgyoe.com



များလောက် ဆင်းရဲခြင်းမရှိပါ။ သို့သော်လည်း ၎င်းတို့သည် သူတို့မကျေနပ်သည်များကို ဆန္ဒထုတ်ဖော်၍ ဆန္ဒပြပွဲများ ကျင်းပနိုင်ပါသည်။ လူနေမှုစရိတ် မြင့်မားလာရခြင်းသည် တော်တော်လေး မကျေနပ်စရာကောင်းသော ကိစ္စဖြစ်သည်။ ထို့ကြောင့် အာမခံ အနိမ့်ဆုံး ဈေးနှုန်းအစီအစဉ်သည် မြို့ပြဆူပူမှုများကိုဖြစ်စေကာ၊ နက်ရှိုင်းသော နိုင်ငံရေး ဘေးထွက်ဆိုးကျိုးများ ထွက်ပေါ်လာစေနိုင်ပါသည်။

ဤနေရာတွင် မြန်မာ့အနိမ့်ဆုံး ဆန်ဈေးနှုန်းနှင့် အလားတူဖြစ်သော ထိုင်းနိုင်ငံ၏ ဆန်အာမခံ အစီအစဉ်ကို တစေ့တစောင်း ကြည့်သင့်ပါသည်။

ထိုအစီအစဉ်သည် ဆန်ဖြူတစ်တန်လျှင် ဘတ် (၁) သောင်းခွဲနှုန်း၊ ဟွမ်မာလီး ဆန်မွှေး တစ်တန်လျှင် ဘတ် (၂) သောင်းနှုန်းဖြင့် ကမ္ဘာ့ဆန်ဈေးကွက်ပေါက်ဈေးထက် ပိုပေး၍ ဝယ်ယူရန်၊ လက်ရှိဖွေထိုင်း (Pheu Thai) ပါတီခေါင်းဆောင်သော အစိုးရက၊ ကတိပေး ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ဤစီမံကိန်းသည် အစိုးရ မူလတွက်ဆထားသည်ထက် သုံးဆကျော်ကျော် ဘတ်ငွေ ၂၆၀ ဘီလီယံ ဆုံးရှုံးကြောင်း မကြာမီက သတင်းထွက်လာသောအခါ ဘန်ကောက်ပို့စ် သတင်းစာက 'ရောမ ဆန်ဒုက္ခကြီး'ဟု ကင်ပွန်းတပ်ပါသည်။ သတင်းစာက ဆက်လက်ရှင်းပြရာတွင်–

ဤမူဝါဒ၏ရလဒ်မှာ အစိုးရသည်သာ တစ်ဦးတည်းသော အကြီးမားဆုံးသော ဆန်ဝယ်ယူသူ ဖြစ်လာခြင်းဖြစ်သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ခန့်မှန်းချက်အရဆိုလျှင် အစိုးရလက်ထဲတွင် ကျိတ်ပြီးဆန်တန်ချိန် (၁၈) သန်းခန့် ပိုက်မိနေသည်။

ထိုလက်ကျန် ဆန်စာရင်းတွင် ၂၀၁၂–၂၀၁၃ တွင် ဝယ်ယူရန် စီစဉ်ထားသော နှစ်သီးထွက် ဆန်တန်ချိန် (၁၇) သန်း ပါဝင်ခြင်းမရှိသေးပေ။

mgyoe.com


mgyoe.com

ဤစီမံကိန်းတွင် အားနည်းချက်များ အများအပြားရှိသည်။ မရောင်းရဘဲ ကျန်နေသော ဆန်တွေ တစ်ပုံတစ်ခေါင်းကြီး ရှိနေသည်။ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဘဏ်တို့က လယ်သမားတွေထံမှ ထပ်ဝယ်ရန် ငွေကြေးလည်း မရှိတော့။ အကြီးအကျယ်လည်း အရှုံးပြနေသည်။ (ဘန်ကောက်ပို့စ်သတင်းစာ မေ ၃၀၊ ၂၀၁၃၊ စာ–၁၀)

ထို့အပြင် အခြားသော ဝေဖန်သူများကလည်း ဤဆန်စပါးအာမခံဈေးနှုန်း သတ်မှတ်ဝယ်ယူသည့် အစီအစဉ်သည် ပို၍ကြွယ်ဝသော ဆန်စိုက်လယ်သမားများကိုသာ အကျိုးရှိစေကြောင်း ဝေဖန်ကြသည်။ ငွေလိုနေသော ဆင်းရဲသားလယ်သမားများသည် သီးနှံမထွက်မီကတည်းက ဈေးကွက်ပေါက်ဈေးအတိုင်း ကြားပွဲစားများကို ရောင်းချခဲ့ကြကာ ကြားပွဲစားများက မြင့်သောအာမခံဈေးနှုန်းဖြင့် အစိုးရကို ပြန်၍ရောင်းချခဲ့ကြခြင်း ဖြစ်သည်။ အကယ်၍ အနိမ့်ဆုံး အာမခံဆန်ဈေးနှုန်း အစီအစဉ်ကို မြန်မာနိုင်ငံတွင် ကျင့်သုံးမည်ဆိုလျှင် ဆင်းရဲသော မြန်မာလယ်သမားတွေလည်း ထိုင်းလယ်သမားတွေလိုပင် လုပ်ကြမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ အတွေ့အကြုံက ရိုးစင်းသော စီးပွားရေးသစ္စာတရားကို ဖော်ပြနေသည်။ အကယ်၍ အစိုးရက လက်ရှိပေါက်ဈေးထက် လယ်သမားများထံမှ ဈေးပိုပေးပြီး ဝယ်မည်ဆိုလျှင် အစိုးရတွင် မရောင်းရဘဲ ကျန်နေသော ဆန်တွေ တစ်ပုံတစ်ခေါင်းကြီး ပိုက်မိမည်။

အတိတ်က မြန်မာအစိုးရသည် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးဘုတ်အဖွဲ့ (SAMB) ကို တည်ထောင်ကာ လယ်သမားတွေထံမှ ဆန်ကို ကမ္ဘာ့ပေါက်ဈေးအောက် ပုံသေဈေးနှုန်းပေးပြီး ဝယ်ယူခဲ့သည်။ သို့ပါလျက်နှင့်ပင် အောက်ဈေးနှင့် လယ်သမားတွေက လိုလို



mgyoe.com

ချင်ချင်ရောင်းလိုက်သော ဆန်ကို ဖိဖိစီးစီး သိုလှောင်ရန် အခက်အခဲရှိခဲ့သည်။ ထို့ကြောင့် ဆန်စပါးထွက်ချိန်တွင် ထရံကာ၊ သက်ကယ်မိုး ယာယီဂိုထောင် အများအပြား တည်ဆောက်ကာ အစိုးရစပါးဒိုင်များမှ လိုမ့်ဝင်လာသော စပါးတွေကို သိုလှောင်ခဲ့ရသည်။

ထိုသို့ သိုလှောင်ခဲ့ရသည့်အတွက် လေလွင့်ဆုံးရှုံးမှု များပြားခဲ့ရသည်။ ပိုးကျခြင်း၊ မိုးစိုခြင်းနှင့် မီးလောင်ခြင်း၊ အခိုးခံရခြင်းတို့နှင့် တွေ့ကြုံခဲ့ရသည်။ မိမိတို့ ခိုးဝှက်ထားသည်ကို ဖုံးဖိလိုကြ၍ အချို့ဝန်ထမ်းများက ဆန်ဂိုထောင်ကို တမင်သက်သက်ပင် မီးရှို့ခဲ့ကြသည်။

နောက်ပိုင်းတွင်လည်း အစိုးရဆန်လုပ်ငန်းက ဆန်တွေကို၊ ထိထိမိမိ သိုလှောင်နိုင်စွမ်း ပိုမိုကောင်းလာမလာ မသိပါ။ အကယ်၍ သိုလှောင်နိုင်စွမ်း ပိုကောင်းမလာလျှင် ကမ္ဘာပေါက်ဈေးထက် လယ်သမားတွေကို အနိမ့်ဆုံး အာမခံဈေးနှုန်းအတိုင်း ဈေးပိုပေး၍ အစိုးရဒိုင်ထဲ လိမ့်ဝင်လာသော စပါးတွေ တစ်ပုံတစ်ခေါင်းကြီးကို မည်သို့ဖြေရှင်းကြမည့် ပြဿနာမှာ ရင်ပူစရာကြီး ဖြစ်နေပေလိမ့်မည်။

မရောင်းရဘဲ လက်ထဲကျန်နေသော ဆန်တွေကို ဖိဖိစီးစီး သိုလှောင်သိမ်းဆည်းရေး နည်းပညာပြဿနာအပြင် ထိုဆန်များကို နိုင်ငံအတွက် စရိတ်အနည်းဆုံးဖြင့် မည်သို့ ထုခွဲမည်ဆိုသည့် စီးပွားရေးပြဿနာလည်း ရှိသည်။ ယခုအချိန်တွင် ထိုင်းအစိုးရသည် ၎င်း၏ အာမခံဆန်ဈေးနှုန်း အစီအစဉ်ကြောင့် ပေါ်ပေါက်လာသော ပြဿနာကို ဖြေရှင်းရန် ကြိုးစားရန်းကန်လျက်ရှိသည်။ ဘဏ္ဍာရေးအရ ကြီးကြီးမားမား ဆုံးရှုံးမှုနှင့် မလွဲမရှောင်နိုင်သော ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေသည့် အာမခံဈေးနှုန်းအစီအစဉ်မရှိဘဲ လယ်သမားတွေ၊ ဆန်စပါးအတွက် ဈေးကောင်းရစေသည့် အခြားနည်းတစ်စုံတစ်ရာ ရှိပါသလား။

အာရုံစိုက် စဉ်းစားစရာ အခြားနည်းတွေရှိသေးသည်ဟု ယုံကြည်ပါသည်။

ကမ္ဘာ့ဆန်ဈေးကွက်ပေါက်ဈေးသည် ရန်ကုန်သင်္ဘောတင် ဆန်ဈေးနှုန်း (FOB) နှင့် ညီမည်။ မြန်မာတောနယ်မှ လယ်သမားရရှိသော ဈေးနှုန်းသည်၊ ရန်ကုန်ဈေးနှုန်းအောက်တွင် ရှိပြီး ခြားနားချက်ကြီးမားမည်။ ထိုသို့ခြားနားချက် ကြီးမားနေရခြင်းမှာ သယ်ယူပို့ဆောင်ရေး စရိတ်၊ သိုလှောင်စရိတ်၊ ကြိတ်ခွဲစရိတ်၊ မြန်မာတောနယ်တွင် စပါးအဖြစ်ရှိရာမှ ရန်ကုန်တွင် ဆန်ချောဖြင့် သင်္ဘောတင်နိုင်သည့် အဆင့်အထိ၊ လိုအပ်သော အခြားပို့ဆောင်ရေးနှင့် လုပ်ငန်းလည်ပတ်ရန် လိုအပ်သောစရိတ် စသည့်စရိတ်အမျိုးစုံတို့ကြောင့် ဖြစ်သည်။ ကမ္ဘာ့ဆန်ဈေးနှုန်းကို ပြောင်းလဲ၍မရရာ ထိုစရိတ်တွေကို လျှော့နိုင်လျှင် မြန်မာတောနယ်မှ လယ်သမားက သူ၏စပါးအတွက် ရမည့်ဈေးနှုန်းတက်လာမည်။

မြန်မာနိုင်ငံတွင် သယ်ယူပို့ဆောင်ရေးစနစ် ကောင်းစွာမဖွံ့ဖြိုးဘဲရှိနေရာ၊ သယ်ယူစရိတ် သက်သာစေရန် ရန်ကုန်သို့လည်းကောင်း၊ အခြားပြည်ပဈေးကွက်သို့လည်းကောင်း၊ တင်ပို့သည့်စရိတ်ကို လျှော့ချနိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးစနစ် ပိုမိုကောင်းမွန်လာလျှင် မြန်မာတောနယ် လယ်သမားသည် သူ၏သီးနှံအတွက် ဈေးကောင်းပိုရမည်မှာမြင်သာပါသည်။

သို့သော် ရောင်းဝယ်ဖြန့်ဖြူးခြင်းနှင့် ချေးငွေစနစ် မဖွံ့ဖြိုးခြင်းကြောင့် ကုန်စည် လည်

mgyoe.com
ပတ်စရိတ်နှင့် သယ်ယူပို့ဆောင် သိုလှောင်စရိတ်များ ကြီးမားနေရခြင်းကို တော်တော် သဘောမပေါက်ကြပါ။ စရိတ်ကြီးမားရခြင်းသည် လယ်သမားကို ကြားပွဲစားများနှင့် ငွေချေးသူများ၏ ခေါင်းပုံဖြတ်ခြင်းကြောင့် ဖြစ်ရသည်ဟုဆိုပြီး ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းကို အစိုးရက ထိန်းချုပ်ရန် အကြောင်းပြချက်တစ်ခုအဖြစ် သုံးလေ့သုံးထ ရှိကြပါသည်။

သို့သော် အမှန်တကယ်တွင် မြန်မာနိုင်ငံ၌မလိုအပ်သော အစိုးရ၏ စည်းမျဉ်းစည်းကမ်းများနှင့် ခေတ်မမီတော့သော ဥပဒေများကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခြင်း၊ လာဘ်ယူစရာ အခွင့်အလမ်းများကို ဖန်တီးပေးခြင်းတို့ကြောင့်၊ ကုန်စည်လည်ပတ်ရေးစရိတ်များ၊ အပိုစရိတ်များတက်အောင်လုပ်ရာတွင် အဓိက အခန်းကဏ္ဍမှပါဝင်လျက် ရှိကြပါသည်။

သို့ဖြစ်၍ စီးပွားရေးအဆောက်အုံ၌ မလိုအပ်သော စည်းမျဉ်း စည်းကမ်းများ ပယ်ဖျက်သည့်နည်းသည် အပိုကုန်ကျစရိတ်များ သက်သာရာတွင် တစ်ပြားတစ်ချပ်မှမကုန်ဘဲ ဆောင်ရွက်နိုင်သောနည်း ဖြစ်ပါသည်။ အပိုကုန်ကျစရိတ်များ လျော့ချရန်အတွက် အပြုသဘော ဆောင် ရွက်နိုင်သည့် အခြားနည်းများကိုလည်း စတင်၍ ဆွေးနွေးနိုင်ပါသည်။ သို့ဖြစ်၍–

"ခေတ်မီဖွံ့ဖြိုးရေး အစီအစဉ်များတွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ လမ်းတွေဖောက်၊ လေဆိပ်တွေဆောက်ခြင်း၊ နိုင်ငံ၏လူဦးရေ (၆၄) သန်းတို့အား လက်ကိုင်ဖုန်း ပိုမိုကိုင်ဆောင် အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးခြင်းတို့ ပါဝင်ပါသည်။" (နေးရှင်းသတင်းစာ – ဇွန် ၅၊ ၂၀၁၃ စာ ၄–က) ဟု ဆိုသည်ကို လေ့လာရန် တိုက်တွန်းလိုပါသည်။

မြန်မာ့ရောင်းဝယ်ဖောက်ကားမှုနှင့် ငွေချေးစနစ် တိုးတက်ကောင်းမွန်စေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဖွဲ့စည်းခြင်း၊ စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲခြင်းတို့ကို ပြုလုပ်ရန်လိုအပ်ရာ ရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်ရန်အတွက် အချိန်ပေးရပါမည်။ လယ်သမားတွေကိုပေးရမည့် ဆန်ဈေးနှုန်းတွေ ချက်ချင်းတက်ပေးမည်ဟုဆိုသော အနိမ့်ဆုံး အာမခံ ဆန်ဈေးနှုန်းလောက်တော့ လူကြိုက်များမည်မဟုတ်ပါ။ သို့သော်လည်း သေသေချာချာ အောင်မြင်အောင် ဆောင်ရွက်မည်ဆိုလျှင် သယ်ယူပို့ဆောင်ရေး စရိတ်နှင့် အပိုစရိတ်များ လျှော့ချခြင်းသည် မြန်မာတောနယ် လယ်သမားများ၊ ၎င်းတို့ထုတ်လုပ်သော စပါးအတွက် ရရှိသည့်ဈေးနှုန်းကို တိုးစေရုံမျှမက နိုင်ငံအတွက်လည်း များစွာအကျိုးရှိစေနိုင်သည်။ ဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားမှုများ ကျယ်ပြန့်လာစေရန်နှင့် စီးပွားရေးတိုးတက်လာစေရန် ဤမူဝါဒများက ဆောင်ရွက်ပေးပါမည်။

ထို့အပြင် အနိမ့်ဆုံး အာမခံဆန်ဈေးနှုန်း အစီအစဉ်သည် လူနေမှုစရိတ်ကို မြင့်မားစေနိုင်သော်လည်း သယ်ယူပို့ဆောင်ရေးနှင့် အပိုစရိတ်များလျှော့ချခြင်းသည် နောက်ဆုံး စားသုံးသူများပေးရမည့် သွင်းကုန်များ၏ ဈေးနှုန်းကိုပါ လျော့ကျစေကာ သူတို့၏ လူနေမှုစရိတ်ကိုလည်း ကျဆင်းစေပါသည်။

■

mgyoe.com

mgyoe.com

# မြန်မာလျှောက်ရမယ့် ခြေလှမ်း ဆယ်လှမ်း

မြန်မာနိုင်ငံ၏ အခြေတည်စ၊ အသွင်ကူးပြောင်းရေးသည်၊ ယနေ့ခေတ် ကမ္ဘာတွင် ဒီမိုကရေစီတည်ထောင်ရာ၌ အလားအလာ အကောင်းဆုံး အားထုတ်မှု တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။ နှစ်ပေါင်းငါးဆယ်ခန့် စစ်တပ်အုပ်စိုးမှုအောက်တွင် ရှိခဲ့ရာမှ၊ သေသေချာချာ တွက်ချက်ပြင်ဆင်ပြီး အထက်မှအောက်သို့ချပေးသော လမ်းကြောင်းပြောင်းပြန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် အောက်ခြေနိုင်ငံရေး၊ စီးပွားရေး နိုးကြားမှုနှင့် အရပ်ဘက် အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ယခုအထိ တိုးတက်မှုများ ရရှိနေပါသော်လည်း ယခုအချိန်မှစ၍ ၂၀၁၅ တွင် ပြုလုပ်မည့် ရွေးကောက်ပွဲအထိ ယခင်ဗိုလ်ချုပ်နှင့် ယခုသမ္မတ ဦးသိန်းစိန်၊ လွှတ်တော်အမတ်နှင့် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ အောက်လွှတ်တော် ဥက္ကဋ္ဌ၊ ဦးရွှေမန်းတို့အပါအဝင် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်များသည် ၎င်းတို့၏ စွမ်းရည်ကို စမ်းသပ်ကာ အသွင်ကူးပြောင်းမှု၏ ကြာရှည်ခံခြင်းကို ခြိမ်းခြောက်သော စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်ရမည်။



mgyoe.com

mgyoe.com
ဦးစားပေး ဖြေရှင်းရမည့် ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ရာ လူ့အဖွဲ့အစည်းများတွင် တိုင်းရင်းသားနှင့် အုပ်စုချင်း ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဆင်းရဲနွမ်းပါးသော လူများစုအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ တပ်မတော်၏ အခန်းကဏ္ဍကို ဆက်လက်ပြုပြင်ခြင်း၊ အကျင့်ပျက်မှုကို တိုက်ဖျက်ခြင်း၊ တရားဥပဒေစိုးမိုးမှုရှိရန် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

မကြာမီက မြန်မာနိုင်ငံသို့ ပြန်လည်သွားရောက်ကာ လွှတ်တော်ကိုယ်စားလှယ်များ၊ အကြီးတန်း အစိုးရ အရာရှိများ၊ သမ္မတကြီး၏ အကြံပေးများ၊ စီးပွားရေးလုပ်ငန်းနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ စာနယ်ဇင်းသမားများနှင့် တွေ့ဆုံခဲ့ကြပါသည်။ ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးမှုများမှ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ဆက်လက်ထိန်းသိမ်းရန်နှင့် နိုင်ငံသမိုင်းတွင် ရရှိထားသော ဤအဆင့်အတန်းသစ်ကို အခွင့်ကောင်းယူရန်အတွက် မြန်မာခေါင်းဆောင်များ ရင်ဆိုင်ဖြေရှင်းရမည့် အဓိက စိန်ခေါ်မှု ဆယ်ခုကို ဖော်ထုတ်ခဲ့ပါသည်။ ၎င်းတို့မှာ –

(၁) တပ်မတော်နိုင်ငံရေးနှင့် စီးပွားရေးအခန်းကဏ္ဍကို ပြန်၍ သတ်မှတ်ခြင်း၊ တပ်မတော် စစ်စစ် ဖြစ်စေလိုခြင်း

နိုင်ငံ၏စီးပွားရေး၊ တပ်မတော်ကလွှမ်းမိုးမှုကို၊ ဖယ်ရှားခြင်းမပြုနိုင်သေးလျှင်၊ တိုင်းရင်းသားများနှင့် နိုင်ငံရေးအရ ပြန်လည်သင့်မြတ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ ရရှိရန် အလှမ်းဝေးနေပါဦးမည်။ နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကို သက်သာရာ ရစေမည့်၊ စီးပွားရေး ဖွံ့ဖြိုးစေရန်၊ နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုက ဆောင်ရွက်မပေးနိုင်လျှင်၊ မတည်မငြိမ်ဖြစ်မှု၏ ခြိမ်းခြောက်သည့် ဒဏ်ကိုအမြဲတမ်းခံနေရမည်။

(၂) တရားဥပဒေစိုးမိုးမှုကို ခိုင်မာအောင်တည်ဆောက်ပါ၊ တရားရေးမဏ္ဍိုင်ကြံ့ခိုင်ပါစေ


အစိုးရပုံသဏ္ဌာန်အသစ်တွင် တရားရေးမဏ္ဍိုင်သည် အဓိကအားနည်းချက်တစ်ရပ် အဖြစ် ရှိနေဆဲဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ပုံသဏ္ဌာန်ဆိုင်ရာ ပြဿနာဖြစ်နေခြင်း၊ စစ်အစိုးရအဆက်ဆက်က ဆယ်စုနှစ်ပေါင်းများစွာ တရားရေးနယ်ပယ်၏ အနိုင်ကျင့်ခဲ့မှုများကြောင့် ဖြစ်သည်။ ဥပဒေစိုးမိုးမှုရှိကာ ပြည်သူတွေက တရားမျှတမှုရှိသည်ဟု ယုံကြည်စေရန်၊ ဆောင်ရွက်နိုင်စွမ်းရှိသည့် တရားရုံးများ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဿနာတိုးပွားစေပါသည်။

(၃) တစ်ဦးချင်းစီ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း

လွန်ခဲ့သော နှစ်နှစ်အတွင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည်၊ လွတ်လပ်မှုအသစ်များကို တံခါးဖွင့် ပေးနိုင်ခဲ့သော်လည်း ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်ခြင်း မရှိပေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စာအားဖြင့် ဖော်ပြထားသော်လည်း လူတစ်ဦးချင်း၏ အခွင့်အရေးများကို တရားဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်မှု မရှိပေ။ အမှန်စင်စစ် ၁၉၆၂ ခုနှစ်မှစ၍ ချမှတ်ခဲ့သော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း အားလုံး

mgyoe.com

mgyoe.com



လိုလိုသည် လုံခြုံရေးကိုသာ အလေးပေး၍ စာအုပ်ထဲ၌သာ ရှိနေပြီး လုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့အလိုရှိသလို အသုံးချခဲ့ကြသည်။

(၄) တိုင်းရင်းသားချင်း ညီမျှမှုရှိရေးအတွက် ထိရောက်သောဖော်မြူလာ ချမှတ်ခြင်း
နိုင်ငံရေးအရ အသွင်ကူးပြောင်းမှုရှိရုံဖြင့် တိုင်းရင်းသား တန်းတူညီမျှမှုရရှိရေးအတွက် ပြည့်စုံလုံလောက်ခြင်း မရှိပေ၊ နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ၊ အာဏာခွဲဝေခြင်းကဲ့သို့သော ခက်ခဲပြီး လက်တွေ့ကျသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ နောက်ဆုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းတို့ လိုအပ်မည်ဖြစ်သည်။ ဖက်ဒရယ်ဝါဒကို မြန်မာနိုင်ငံတွင် မည်သို့ အဓိပ္ပာယ် ဖွင့်ဆိုကြမည်ကို၊ အလေးအနက် ဆွေးနွေးကြရန် လိုသကဲ့သို့၊ ဒေသန္တရအစိုးရများ အင်အားတောင့်တင်းကာ ဗဟိုအစိုးရ၏ အုပ်ချုပ်ရေးအာဏာနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးတို့သည် အရေးကြီးသော ခြေလှမ်းများဖြစ်ပြီး၊ ဆက်လက်လျှောက်လှမ်းရန် မရှိလျှင် ခရီးရှည် ကျန်ရှိနေပေသေးသည်။

(၅) လူမှုရေးနှင့် ဘာသာရေး သည်းခံမှု
ဗုဒ္ဓဘာသာဝင်များနှင့် အခြားဘာသာဝင်များအကြား အချို့ရပ်ရွာဒေသများ၌၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းသည်၊ ဒုက္ခပေးလိုသူ အုပ်စုငယ်များအတွက်၊ ဒေသတွင်း ပဋိပက္ခအဖြစ်မှ အဓိကရပဋိပက္ခကြီးအဖြစ် အသွင်ကူးပြောင်းစေရန်၊ ရေခံမြေခံကောင်း ဖြစ်စေသည်။ အုပ်စုလိုက် အကြမ်းဖက်တိုက်ခိုက်မှုများကို ကာကွယ်ရန်နှင့် ထိထိရောက်ရောက် ကိုင်တွယ်ရန်အတွက် ပြည်သူ့ရဲကို သေသေချာချာ စုစည်းလေ့ကျင့်

mgyoe.com

mgyoe.com

ပေးရန် လိုသည်။ တစ်ချိန်တည်းမှာပင်၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေးနှင့် အစိုးရခေါင်းဆောင်များသည် သည်းမခံနိုင်အား အာဃာတပွားမည့်ကိစ္စများကို အလျင်အမြန်ဖြေရှင်းရန်၊ စဉ်ဆက်မပြတ် ပညာပေးခြင်း၊ နှစ်သိမ့်ဖျောင်းဖျခြင်းများ ပြုလုပ်ရန် လိုအပ်သည်။

(၆) မသမာမှုကို ဖယ်ရှားခြင်း

မြန်မာအစိုးရနှင့် စီးပွားရေးအဆောက်အအုံတွင် အကျင့်ပျက်မှုကို တွေ့ရလေ့ရှိပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်း၌ ဒီမိုကရေစီတည်ဆောက်ရေးနှင့် စီးပွားရေးလွတ်လပ်မှုတို့အတွက်၊ ကြီးမားသော စိန်ခေါ်မှုတစ်ခုဖြစ်နေသည်။ သမ္မတ ဦးသိန်းစိန်သည် မသမာမှုများကို တိုက်ဖျက်ရာတွင် အပြိုင်အဆိုင်ဖြစ်နေသော အုပ်စုများ၊ အကျိုးစီးပွားများကို၊ ချိန်ဆနိုင်သည်။ ယခုအချိန်တွင်ရှိနေသော အကျင့်ပျက်မှုအဆင့်အတန်းကို ၂၀၁၅ တွင် လျှော့ချခြင်း မပြုနိုင်ပါက မြန်မာ့ပြုပြင်ပြောင်းလဲရေးသည် အခြားကမ္ဘာ့ နိုင်ငံများတွင် မြင်တွေ့ခဲ့ရသကဲ့သို့ တစ်ဝက်တစ်ပျက် ဒီမိုကရေစီမျိုး ဖြစ်သွားနိုင်သည်။

(၇) အစိုးရနှင့် စီးပွားရေးအဆောက်အအုံတွင် ပျောက်နေသော ကွင်းဆက်ကိစ္စ

မြန်မာခေါင်းဆောင်များက ပြုပြင်ပြောင်းလဲရေးကို မြန်မြန်ဆန်ဆန်၊ တွန်းတွန်း တိုက်တိုက်ပြုလုပ်နေပြီး၊ အရပ်ဘက်အဖွဲ့အစည်းတွေက မြေပြင်တွင် အပြောင်းအလဲမရှိဟု ဟစ်ကြွေးနေကြသည်။ မူဝါဒများ လက်တွေ့ဖြစ်လာစေရန်အတွက် ပျောက်နေသော အလယ်ကွင်းဆက်ကို လုပ်ကိုင်ခွင့်ပေးထားခြင်းမရှိ၊ ပြဿနာတွေ ဖြေရှင်းရန် လိုအပ်သော စွမ်းရည်မရှိ၊ အဖြေတွေထုတ်ဖော်ခြင်း၊ အကောင်အထည်ဖော်ခြင်း မပြုနိုင်။

(၈) ပြုပြင်ပြောင်းလဲမှု၏ အကျိုးကျေးဇူးကို ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် ခံစားရစေရန် ဆောင်ရွက်ပေးခြင်း

နိုင်ငံအဆင့် စီးပွားရေးတည်ငြိမ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်များသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးပတ်ဝန်းကျင် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးသော အစိကခြေလှမ်းများဖြစ်သည်။ ထိုအားထုတ်ကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်သွားရန်လိုသကဲ့သို့ ဤ ရင်းနှီးမြှုပ်နှံမှုများသည် အစိုးရနှင့်နီးစပ်သူ တစ်စုသာမက၊ သာမန်လယ်သမားများ လုပ်ပိုင်ခွင့်ရှိသော စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ပေါ်ရေးနှင့် အလုပ်အကိုင် ဖန်တီးရေးတို့ကို ဦးတည်ပေးရ၊ အားပေးရပါမည်၊ လောလောဆယ်တွင်၊ တပ်မတော်နှင့် လူတစ်စုက စီးပွားရေးအဆောက်အအုံကို ထိန်းချုပ်ထားခြင်းသည် ကျယ်ကျယ်ပြန့်ပြန့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်ရေးအတွက် ကြီးမားသော အဟန့်အတား ဖြစ်နေသည်။

(၉) မြေယာနှင့် ပိုင်ဆိုင်ခွင့်များ

လွှတ်တော်က မြေယာဥပဒေသစ် ပြဋ္ဌာန်းပြီးခဲ့သော်လည်း မြန်မာပြည်သူများသည် စီးပွားရေးလုပ်ငန်းကြီးများ၊ စိုက်ပျိုးရေးလုပ်ငန်း စီမံကိန်းကြီးများကြောင့် ထိုက်တန်

mgyoe.com

သော လျော်ကြေးပေးခြင်းမရှိ၊ အသက်မွေးဝမ်းကျောင်းမှု ပြုနိုင်သည့် နည်းလမ်းများလည်း မရှိတော့ဘဲ၊ တရားမမျှတစွာ ပြောင်းရွှေ့ခံနေရဆဲဖြစ်သည်။ မျှတသော တရားစီရင်ရေးစနစ် မရှိခြင်းကြောင့်လည်း မတရားပြောင်းရွှေ့ခံရမှုကို ဖြေရှင်းကုစားနိုင်သည့် နည်းလမ်း မရှိပေ။ ထို့အပြင် ကြီးမားသော ဖွံ့ဖြိုးရေး စီမံကိန်းကြီးများတွင် ဒေသခံများ၊ ထိုက်သင့်သလို အကျိုးခံစားခွင့်ရှိရန်နှင့် အတင်းအကျပ် ဖယ်ရှားခြင်းမပြုနိုင်သော တည်ငြိမ်သည့် မြေယာပိုင်ဆိုင်ခွင့်များလည်း ရှိရန်လိုအပ်သည်။

(၁၀) စီးပွားရေးဖွံ့ဖြိုးမှုကတစ်ဖက်၊ လူမှုရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုက တစ်ဖက်၊ ကွဲပြားခြားနားမှုကို စေ့စပ်ညှိနှိုင်းပေးနိုင်မည့် ယန္တရားတည်ဆောက်ခြင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာသောအခါ ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ဂယက်ကိုခံရသော ဒေသခံများ၊ ၎င်းတို့၏ လိုအင်ကိုဖြည့်ဆည်းပေးနိုင်ရှိ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ဆိုးဆိုးဝါးဝါး ထိခိုက်စေသော ဆန္ဒပြမှုများ မဖြစ်ပွားစေရန်နှင့် အခြေခံကျသော နိုင်ငံအဆင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တည်ဆောက်မှုကို အနှောင့်အယှက် မဖြစ်စေရန်တို့အတွက် ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်။ တိုင်းရင်းသားလူနည်းစုများ နေထိုင်ရာဒေသများ၌ သယံဇာတထုတ်ဖော်ရေး စီမံကိန်းကြီးများမှ ရရှိသောအကျိုးကျေးဇူးကို ဒေသခံများနှင့် မျှတစွာ ခွဲဝေမှုရှိရန် လိုအပ်သည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် ချောမွေ့ဖြောင့်တန်းလေ့ မရှိပေ၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်မှ အကျိုးရှိသူ၊ အကျိုးထိခိုက်သူတွေကို၊ စတင်မြင်တွေ့လာရသော ယခုကဲ့သို့သော အချိန်မျိုးတွင် အခြေအနေတွေ ပိုကောင်းမလာမီ၊ ပိုမိုရှုပ်ထွေး ဆိုးဝါးလာမည့် အလားအလာရှိနေသည်။ စီးပွားရေးဖွံ့ဖြိုးမှုသည် မျှမျှတတဖြစ်မည်မဟုတ်၊ ရင်းနှီးမြှုပ်နှံမှုတွေကလည်း ကျယ်ကျယ်ပြန့်ပြန့် ရောက်မည်မဟုတ်။ လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ အငြင်းပွားမှုများကို အလွယ်တကူ မဖြေရှင်းနိုင်။ လူတွေ ဆက်လက်ရွှေ့ပြောင်းခံကြရဦးမည်။ တိုင်းရင်းသားနှင့် အုပ်စုကွဲများသည် သက်ဆိုင်သူအားလုံး လက်ခံနိုင်မည့် အဖြေမရသေးသမျှ ဆက်လက်ပဋိပက္ခ ဖြစ်နေကြဦးမည်၊ လက်ရှိအခြေအနေတွင် အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံ၏ အားကိုးအားထားပြုအပ်သော မိတ်ဆွေအနေဖြင့် လက်ရှိအပြုသဘော အလားအလာများ (၂၀၁၅)နှင့် ဟိုဘက်အထိ၊ ဆက်လက်ရှိနေစေရန်အတွက် တတ်နိုင်သမျှအားလုံး လုပ်ဆောင်သင့်သည်။

mgyoe.com

# ၂၀၁၃ မြန်မာ့ပြုပြင်ပြောင်းလဲရေး ဆွေးနွေးမှုများ (၁)

**၂၀၁၃** ခုနှစ် မြန်မာ့ပြုပြင်ပြောင်းလဲရေးကို ဆွေးနွေးကြရာမှာ မြန်မာနိုင်ငံရဲ့ အဂ္ဂမဟာဗျူဟာ (Grand strategy) က ဘာလဲဆိုတဲ့ တွေးတောကြံဆမှု တစ်ခုလည်း ပါဝင်ပါတယ်။ အဲသလို တွက်ကြည့်လိုက်တော့ –


(၁) စီးပွားရေး တိုးတက်မှု

(၂) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနဲ့

(၃) ဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့အညီ အုပ်ချုပ်တဲ့ အစိုးရရယ်၍

တွေ့ရတဲ့အကြောင်း ပညာရှင်တစ်ယောက်က ဆိုပါတယ်။ စီးပွားရေး တိုးတက်မှုရရင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေ အတွက်လည်း အထောက်အကူ ဖြစ်ပါမယ်။

မြန်မာနိုင်ငံဟာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ သိသိသာသာ တိုးတက်လာတဲ့အတွက် မြန်မာနိုင်ငံကို အရင်ကကြည့်တဲ့ အမြင်မျိုးနဲ့ကြည့်လို့မရဘဲ အမြင်ပြောင်းပြီး ကြည့်ဖို့၊ မူဝါဒအသစ်တွေချမှတ်ဖို့ လိုအပ်လာပါတယ်။ တချို့နိုင်ငံတွေအတွက် မြန်မာကို လိုအပ်နေပေမယ့် မြန်မာနိုင်ငံက မိတ်ဆွေတွေ ဝိုင်းဝိုင်းလည်နေတဲ့အချိန်မှာ မြန်မာ



mgyoe.com

mgyoe.com
နိုင်ငံကို လျှော့တွက်လို့မရတော့ဘူးလို့ တစ်ဖက်က တင်ပြနေချိန်မှာ တစ်ဖက်ကလည်း မြန်မာနိုင်ငံရဲ့ ရေရှည်အလားအလာတွေဟာ ရှင်းရှင်းလင်းလင်း မရှိသေးဘူး။ မျှော်လင့်ချက်တွေ ကြီးမားလွန်းတယ်။ အရင်က အကျိုးခံစားခဲ့ရတဲ့သူတွေရဲ့ အကျိုးစီးပွားကိုလည်း ကာကွယ်စောင့်ရှောက်ဖို့လိုတယ်လို့ တွက်ဆကြတယ်။

ကျွန်တော်တို့ဆီမှာ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးလုပ်ခဲ့တဲ့နိုင်ငံက နိုင်ငံခြားမှာ သွားရောက်လုပ်ကိုင်တဲ့ ကုမ္ပဏီတွေ လိုက်နာရမယ့် လမ်းညွှန်ချက်တွေ အသစ် ထပ်မံထုတ်ခဲ့ပေမယ့် သူတို့ကုမ္ပဏီတွေ အနေနဲ့ လိုက်နာဆောင်ရွက်ဖို့ အခက်အခဲ ရှိနေတယ်လို့လည်း သိရပါတယ်။ နိုင်ငံတကာ ဆက်ဆံရေး ကောင်းမွန်လာတာနဲ့အမျှ ဝင်ရောက်လာမယ့် ဂျပန်ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို လက်ရှိ ရင်းနှီးမြှုပ်နှံမှုတွေထက် ပိုမိုလိုလားကြတာ တွေ့ရပါတယ်။ ပြဿနာက ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအဟောင်းတွေ (ဧရာဝတီမြစ်ဆုံ စီမံကိန်း) ကို ဘယ်လိုလုပ်မလဲ၊ အပြီးရပ်မှာလား၊ လျော်ကြေးပေးရမှာလား၊ ဘယ်လို အဆုံးသတ်ကြမလဲဆိုတဲ့ မေးခွန်းတွေ ကျန်နေပါသေးတယ်။

မြန်မာနိုင်ငံကို ဂျပန်က ဝင်ရောက်လာတာနဲ့ ပတ်သက်လို့ ဂျပန်ဟာ အရင်တုန်းက အမေရိကန်နဲ့ တွဲပြီး တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့ ကြိုးစားခဲ့တယ်။ အခု အမေရိကန်က ခြေသွက်လက်သွက် လှုပ်ရှားလာတဲ့အခါ အမေရိကန်ဟာ သူနဲ့ပြိုင်ဘက်ဖြစ်လာပြီး နောက်ကျ မကျန်ရစ်ဖို့အရေး စိုးရိမ်ပူပန်လာရတာကိုလည်း သတိပြုမိပါတယ်။ အရပ်ဘက် အဖွဲ့အစည်းတွေနဲ့ အမေရိကန်က မြန်မာနိုင်ငံမှာ အများဆုံးရင်းနှီးမြှုပ်နှံထားတဲ့ တရုတ်နိုင်ငံကို ဒုက္ခရောက်အောင်လုပ်တဲ့ဆိုတဲ့ အမြင်နဲ့အတူ တရုတ်အစိုးရနဲ့ တရုတ် ကုမ္ပဏီတွေရဲ့ လုပ်ပုံကိုင်ပုံတွေ ပိုကောင်းလာစေနိုင်တယ်လို့ မြင်တဲ့အမြင်လည်း ရှိပါတယ်။

> မြန်မာတွေဟာ တရုတ်လွှမ်းမိုးတာ မခံချင်သလို အမေရိကန်နဲ့ တခြားနိုင်ငံတွေ လွှမ်းမိုးတာကိုလည်း ခံချင်မှာမဟုတ်၊ ခံမှာလည်း မဟုတ်တဲ့အကြောင်း တရုတ်သုတေသီ တစ်ယောက်က သုံးသပ်ပါတယ်။ မြန်မာကို လွှမ်းမိုးရန် ကြံစည်ရင်လည်း အောင်မြင်မှာမဟုတ်၊ စီးပွားရေး ပိတ်ဆို့ခံထားရတာတောင် လွှမ်းမိုးခံခဲ့ရတာ မဟုတ်ဘူးလို့ ဆိုပါတယ်။ သုတေသီ တစ်ယောက်ကဆိုရင် တရုတ်အစိုးရအတွက်လည်း အကျိုးမရှိ၊ မြန်မာအစိုးရအတွက်လည်း အကျိုးမရှိတဲ့ လုပ်ငန်းတွေကို ပြည်နယ်အစိုးရနဲ့ ကုမ္ပဏီရဲ့ အကျိုးအတွက် လုပ်နေတာလားလို့ တောင်မှ မေးခွန်းထုတ်ပါတယ်။ မြန်မာနဲ့ ဆက်သွယ်တဲ့ လမ်းတွေကရော မြန်မာနိုင်ငံကို တကယ်အကျိုးရှိစေမှာလားလို့ရော၊ ယူနန်ပြည်နယ် နောက်ကျနေတာကို ဖွံ့ဖြိုးစေဖို့ ရည်ရွယ် ချက်ရှိပါတယ်လို့ တရုတ်သုတေသီတစ်ယောက်က ပြောပြီး တခြား

mgyoe.com

mgyoe.com

> သုတေသီတစ်ယောက်ကတော့ အာဆီယံဒေသ အချိတ်အဆက်၊ အဆက်အသွယ်များရေး စီမံကိန်းအရ လုပ်နေကြတာပါ၊ တရုတ်တစ်နိုင်ငံတည်းရဲ့ အစီအစဉ် မဟုတ်ပါဘူးလို့ ပြန်ဖြေပါတယ်။

မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံအတွက် အရေးကြီး၊ မကြီး သုံးသပ်ကြရာမှာ တကယ်တော့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဟာ ထင်သလောက် အရေးမကြီးသလို တရုတ်အတွက် အန္တရာယ်တောင် ဖြစ်စေနိုင်သေးတယ်လို့ ထောက်ပြကြတာကို အခုရက်ပိုင်းမှာ တွေ့လာရပါတယ်။ တရုတ်ရဲ့ ဩဇာလွှမ်းမိုးမှုဆိုတာ အပြုသဘောရော၊ အပျက်သဘောပါ ဖြစ်နိုင်တယ်။ တရုတ်အတွက် ပိုပြီး အရေးကြီးလာတာက သိက္ခာရှိဖို့ ဖြစ်တယ်လို့ ပညာရှင်တစ်ယောက်က ထောက်ပြပါသေးတယ်။

■

mgyoe.com

mgyoe.com

# ၂၀၁၃ မြန်မာ့ပြုပြင်ပြောင်းလဲရေး ဆွေးနွေးမှုများ (၂)

နိုင်ငံ ရေးနယ်ပယ်၊ နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်မှာ အရင်က အမျိုးသားလုံခြုံရေး (National Security) ဆိုတာကိုပဲ စဉ်းစားတယ်။ အဲဒီ အမျိုးသားလုံခြုံရေးဆိုတာ ပြည်သူလူထုရဲ့လုံခြုံရေး (Security of the People) ဖြစ်မယ်လို့ သေချာပေါက် တွက်ဆလို့မရပါဘူး။ ဒီဘက်ပိုင်းတွေမှာတော့ အမျိုးသား လုံခြုံရေးသာမက ပြည်သူလူထုရဲ့ လုံခြုံရေးကိုလည်း စဉ်းစားလာကြတာ တွေ့ရပါတယ်။ တခြားနိုင်ငံတွေက လုပ်အားခသက်သာတဲ့ အကျိုးကျေးဇူးကို သွားရောက်ရယူ အလုပ်လုပ်ကြရာမှာတောင် အဲဒီ အလုပ်သမားတွေရဲ့ အကျိုးစီးပွားကို တစ်စုံတစ်ရာ ကာကွယ်စောင့်ရှောက်မှုတွေ ရှိရဲ့လားဆိုတာ မေးခွန်းတွေ မေးလာကြပါတယ်။

မြန်မာနိုင်ငံမှာ လာရောက် ရင်းနှီးမြှုပ်နှံဖို့အရေး စဉ်းစားကြတဲ့အခါ ကုမ္ပဏီတစ်ခုနဲ့တစ်ခု ရင်ဆိုင်ရမယ့် စွန့်စားမှုတွေကို တွက်ဆပုံ မတူကြသလို ကုမ္ပဏီတစ်ခု အတွင်းမှာတောင်မှ ဌာနတစ်ခုနဲ့ တစ်ခု ကွဲပြားကြတဲ့ အကြောင်း တင်ပြချက်နဲ့အတူ မြန်မာ့ဆက်သွယ်ရေးက



mgyoe.com

mgyoe.com
နိုင်ငံတကာ တင်ဒါခေါ်ယူတဲ့ လုပ်ငန်းစဉ်ဟာ (ခုအချိန်အထိ) မှန်ကန်ကောင်းမွန်တဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ကြောင်း သုံးသပ်သွားတာကိုလည်း မမျှော်လင့်ဘဲ ကြားသိရပါတယ်။ ရင်းနှီးမြှုပ်နှံမှု လုပ်ရာမှာ အကျင့်ပျက်မှုကို ထည့်တွက်ကြပြီး အင်ဒိုနီးရှားလို အကျင့်ပျက်မှုတွေကို ဗဟိုအဆင့်မှာတင် မဟုတ်၊ အောက်ခြေမှာပါ ပျံ့နှံ့သွားအောင် လုပ်လိုက်တာမျိုး (Decentralization of Corruption) မဖြစ်စေဖို့ နိုင်ငံတစ်ခုအနေနဲ့ ခြုံငုံပြီး အထင်အမြင်ပေးတာထက် အရောင်းအဝယ်၊ အပေးအယူတွေကို သေသေချာချာ လေ့လာပြီး စွန့်စားစရာ တစ်ခုစီကို သီးခြားစီတွက်ဖို့၊ အကျင့်ပျက်မှုတွေ ဖယ်ရှားဖို့ အရေးဆိုတာက မျိုးဆက်နဲ့ချီပြီး ကြာတတ်တဲ့အကြောင်း ဆွေးနွေးသွားခဲ့ပါတယ်။

စီးပွားရေးလုပ်ငန်း စီမံကိန်းတွေ အပေါ်မူတည်ပြီး စွန့်စားလာရတဲ့ ပတ်ဝန်းကျင်အပြောင်းအလဲ ဖြစ်နိုင်သလို စွန့်စားရတဲ့ ပတ်ဝန်းကျင်အပြောင်းအလဲအပေါ် မူတည်ပြီး မင်္ဂလာသံသရာတွေ ထွက်ပေါ်လာနိုင်မယ်လို့ သူက တွက်ဆပါတယ်။ အကူအညီပေးတဲ့သူတွေနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်မယ့်သူတွေရယ်လို့ ရှိရာမှာ အကူအညီပေးမယ့်သူတွေက အများကြီး၊ ရင်းနှီးမြှုပ်နှံသူတွေ နောက်တွန့်နေမှာကိုလည်း စိုးရိမ်ကြပါတယ်။ ဒါတောင်မှ မြန်မာနိုင်ငံကို ဒီမိုကရေစီ လမ်းကြောင်း အလျင်အမြန် ကူးပြောင်းစေလိုတဲ့ နိုင်ငံတွေဟာ အာဖဂန်နစ္စတန်ကို အကူအညီ တစ်နှစ် ဒေါ်လာသန်းနှစ်ထောင်လောက်ပေးတာမျိုး မြန်မာနိုင်ငံကို မပေးရသေးပါဘူး။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေက မြန်မာနိုင်ငံမှာ ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေမှာလား၊ အိုးအိမ်ရွှေ့ပြောင်းခံရသူတွေ ပြည်ပက ပြန်လာမယ့်သူတွေ၊ နိုင်ငံသား မှတ်ပုံတင်ကိစ္စတွေကိုလည်း စဉ်းစားကြ၊ ဆွေးနွေးကြပါတယ်။ မြေယာပိုင်ဆိုင်ရာမှာ ၁၉၉၃ နဲ့ ၂၀၀၃ ကာလကို ယှဉ်ရင် ဧကနည်းနည်းပိုင်တဲ့သူတွေ တိုးလာသလို တစ်ဖက်မှာလဲ ဧကအများကြီး ပိုင်တဲ့သူတွေ တိုးလာတယ်။ အခုလည်း လယ်ယာလုပ်ငန်းတွေ ကြီးကြီးမားမားလုပ်ဖို့ ခွင့်ပြုလို့ ဧကနည်းနည်းပိုင်တဲ့သူတွေဟာ မြေယာနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဆက်လက် ဆုံးရှုံးမယ့် အလားအလာတွေ ရှိနေဆဲပါ။

ပြည်ပကနေ မြန်မာပြည်ကို ပြန်ဖို့ ကြိုးစားကြတဲ့သူတွေ အကြောင်းကို ဆွေးနွေးတဲ့အခါ လုံးဝ လွတ်ငြိမ်းချမ်းသာခွင့် ပေးမယ်လို့ ကြေညာမထားတဲ့အတွက် အုံနဲ့ကျင်းနဲ့ ပြန်လာဖို့ ခက်နေဆဲ ဖြစ်တဲ့အကြောင်း၊ နှုတ်ကတိသာ ရှိထားတာ ဖြစ်တဲ့အကြောင်း၊ အစိုးရက အပြင်လူတွေ ယူဆောင်လာမယ့် အရင်းအနှီးနဲ့ နည်းပညာတွေကို စိတ်ဝင်စားပေမယ့် အငြင်းအခုံတွေ တိုးပွားလာမှာကို လိုလားပုံမရတဲ့အကြောင်း၊ ဒါကြောင့် ပြန်လိုက်၊ သွားလိုက် လုပ်နေကြပေမယ့် တကယ် အခြေခံချင်သူတွေ သိပ်မတွေ့ရတဲ့အကြောင်း သုံးသပ်ထားတာ တွေ့ရပါတယ်။ ပြည်ပရောက် တိုင်းရင်းသားတွေက ပြန်ရောက်လာကြတဲ့အခါ သူတို့ရပ်ရွာအပေါ် ပိုပြီး အာရုံစိုက်တတ်ကြတယ်။ ပြန်ရောက်လာတဲ့သူတွေ အများစုဟာ အခြေခံ လူတန်းစားနဲ့ ထိတွေ့မှု မရှိလှပါဘူး။ အပြင်က လှုပ်ရှားမှုတွေနဲ့ ပြည်တွင်းက လှုပ်ရှားမှုတွေကို ဘယ်လို ပေါင်းစပ်ရ
mgyoe.com

mgyoe.com

မလဲဆိုတာလဲ ချိန်ဆနေတုန်းပဲ ရှိတယ်။ သူတို့ကို ထောက်ပံ့နေတဲ့ အလှူရှင်တွေကလည်း နိုင်ငံရဲ့ ဖွံ့ဖြိုးရေး အစီအစဉ်တွေဘက်ကို အာရုံပြောင်းလာတာ တွေ့ရပြီး အရပ်ဘက် အဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုတွေက ထပ်နေတာဟာနေတာတွေ ရှိပြီး ပူးပေါင်းညှိနှိုင်းမှု ရှိနေတယ်။ နိုင်ငံတကာအဝန်းအဝိုင်းကလည်း လူတစ်ယောက်၊ နှစ်ယောက်အပေါ်မှာ အာရုံရှိပြီး တိုင်းရင်းသား ခေါင်းဆောင်တွေနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေအပေါ် အာရုံစိုက်သူ နည်းနေတယ်လို့ ဝေဖန်တာ တွေ့ရပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေများ နိုင်ငံရေးအရ စွန့်စားရမှုတွေ သိပ်ကြီးမားပြီး ၂၀၁၅ မှာ ဘာဖြစ်မလဲဆိုတာ စောင့်ကြည့်နေကြသလို ဥပဒေအရ အကာအကွယ် အစောင့်အရှောက်တွေလည်း နည်းနေသေးတာမို့ အမေရိကန် ကုမ္ပဏီကြီးတွေ ဝင်ရောက်မယ့် အလားအလာ နည်းနေသေးတယ်လို့ တွက်ဆကြတာ တွေ့ရပါတယ်။ လက်ရှိ မြန်မာ့စီးပွားရေးကိုလည်း အစိုးရရော၊ စီးပွားရေး လုပ်ငန်းတွေကပါ ရေတိုကို အလေးပေးတယ်။ အမြဲတမ်း ပြောင်းလဲနေတတ်တယ်။ ဒါကြောင့် ရှေ့နောက်ဆီလျော်ညီညွတ်တဲ့ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်တစ်ခု တည်ဆောက်ဖို့ အချိန်အတော်ယူရဦးမယ်။ ကုန်ထုတ်လုပ်ငန်းနဲ့ စက်မှုလုပ်ငန်းတွေကို စိတ်ဝင်စားတာ နည်းတယ်။ သွင်းကုန် အစားထိုးတာကို အားသန်ပြီး နိုင်ငံတကာ ဈေးကွက်နဲ့ အထိအတွေ့နည်းတဲ့ အားနည်းချက်လည်း ရှိနေတယ်။

စီးပွားရေး လုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ လူ့အခွင့်အရေး ကိစ္စတွေကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေနဲ့ ဆက်စပ် စဉ်းစားကြည့်ကြရာမှာ လောလောဆယ်တော့ ငြိမ်းချမ်းရေးထက် ပဋိပက္ခတွေနဲ့ ပိုပြီး ဆက်နွှယ်တယ်လို့ သုံးသပ်ကြပါတယ်။ နိုင်ငံတော်က လူ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးရမယ် (Protect)၊ ကုမ္ပဏီတွေ၊ စီးပွားရေးလုပ်ငန်းတွေက လူ့အခွင့်အရေးတွေကို လေးစားရမယ် (Respect)၊ ပြီးတော့ စီးပွားရေး လုပ်ငန်းတွေနဲ့ ဆက်နွှယ်ပြီး လူ့အခွင့်အရေး ချိုးဖောက်ခံရတဲ့သူတွေ အနေနဲ့ ဆုံးရှုံးနစ်နာမှုတွေကို ကုစားနိုင်တဲ့ နည်းလမ်းတွေ (Remedy) ကျယ်ကျယ်ပြန့်ပြန့် ရှိရမယ်လို့ ထောက်ပြကြပါတယ်။

သဘာဝ သယံဇာတတွေ ရှိနေတာဟာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်သလို ပြည်တွင်းစစ်ဖြစ်မယ့် အလားအလာတွေကိုလဲ မြင့်မားစေတဲ့အကြောင်း ကျွန်တော်တို့ မှတ်သားခဲ့ရပါတယ်။ ထူးခြားတာတစ်ခုက ပြည်တွင်းစစ်ဖြစ်နေတဲ့ အချိန်မျိုးမှာတောင်မှ သဘာဝ သယံဇာတ အခြေခံတဲ့ ပို့ကုန်တင်ပို့မှုတွေ မြင့်မားတိုးတက်နေတတ်တာပါ။ ဒါကတစ်ဖက်မှာ စစ်စရိတ်ရဖို့အတွက် ဖြစ်နိုင်ပါတယ်။ တစ်ဖက်မှာ ဒါကြောင့်လည်း စီးပွားရေး ပိတ်ဆို့မှုတွေဟာ စစ်ရန်ပုံငွေ လျော့နည်းစေဖို့ ချမှတ်ကြတာပါ။ ပဋိပက္ခမှာ ပါဝင်တဲ့သူတွေက ပဋိပက္ခဟာ ရေရှည်ဖြစ်နိုင်တဲ့ အလားအလာ ရှိ၊ မရှိ လတ်တလောမှာ ဘာတွေထိခိုက်လို့ ဘာတွေ အကျိုးရှိတယ်ဆိုတဲ့ တွက်ဆမှုတွေ အပေါ် အခြေခံပြီး ဆုံးဖြတ်ချက်တွေ ချမှတ်တတ်ကြတယ်။ အာဏာရှိသူက အာဏာဆက်ရှိနေဖို့၊ အာဏာမရသေးတဲ့သူတွေက အနည်းဆုံး ဆက်လက်ရှင်သန်ဖို့နဲ့ အာဏာရဖို့အတွက် ဦးတည်တတ်ကြတယ်။ နယ်မြေ

mgyoe.com

mgyoe.com
တွေကို ထိန်းချုပ်ဖို့ ကြိုးစားကြတယ်။ ဝင်ငွေရဖို့ ကြိုးစားကြတယ်။ နယ်မြေကို ထိန်းချုပ်ဖို့ ကြိုးစားကြပေမယ့် သယံဇာတ ထုတ်လုပ်တင်ပို့မှုကို မထိခိုက်အောင်လည်း ဂရုစိုက်ကြတယ်။ ဆင်းရဲနွမ်းပါးမှု၊ မကြာခင်က ပဋိပက္ခတွေ ဖြစ်ပွားခဲ့မှု၊ တိုင်းရင်းသားတွေ စုဝေးနေထိုင်တဲ့ ဒေသတွေ ရှိနေတာ၊ လွတ်လပ်တဲ့ တပ်မတော် ရှိတာ၊ တစ်ဝက်တစ်ပျက်ပဲ ဒီမိုကရေစီ လမ်းကြောင်းကို လျှောက်လှမ်းရသေးတာတွေဟာ ပဋိပက္ခတွေ ပိုဖြစ်ဖို့ အကြောင်းတွေပါလို့ တခြားပညာရှင်တစ်ယောက်က ဆိုပါတယ်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ ကျန်နေတဲ့ အခက်အခဲတချို့ကတော့ ပဋိပက္ခဖြစ်နေတဲ့ နေရာတွေမှာ သဘာဝ သယံဇာတ တူးဖော်ရေး လုပ်ငန်းတွေဝင်လာတာ အဲဒီလုပ်ငန်းတွေဟာလည်း လက်နက်ကိုင် တပ်ဖွဲ့တွေနဲ့ ဆက်စပ်နေတာ၊ ပဋိပက္ခငြိမ်းသွားတဲ့နေရာတွေမှာ လုပ်ငန်းတွေ ဝင်ရောက်သွားတဲ့အခါ မြေယာသိမ်းဆည်းမှုတွေရှိနေတာ၊ ပြည်သူလူထုနဲ့ ပတ်ဝန်းကျင်အပေါ် ထိခိုက်နစ်နာမှုတွေ ရှိနေတာ၊ အခြေခံ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းတွေ တိုးချဲ့ရင် မြေယာတွေဆုံးရှုံး၊ ပတ်ဝန်းကျင်တွေ ထိခိုက် ဖြစ်နိုင်စရာတွေ ရှိနေပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံသားဖြစ်မှုဆိုင်ရာ အကျပ်အတည်းကိုတော့ ဝါးလုံးရှည်နဲ့ သိမ်းကျုံးတားဆီး၊ ဦးတည်ချက်ထားပြီး ငြင်းပယ်တာ၊ ဦးတည်ချက်ထားပြီး ကန့်သတ်တာ ကျယ်ကျယ်ပြန့်ပြန့် မာနကြီးနေတာတွေပဲလို့ ရှုမြင်သုံးသပ်သွားခဲ့ပါတယ်။ ပြဿနာကို ဖြေရှင်းရာမှာ ပြည်တွင်းက သမိုင်းကြောင်းတွေ၊ ထူးခြားမှုတွေကို ကြည့်ရသလို ပြည်ပက နှိုင်းယှဉ်လေ့လာမှုတွေ၊ တူညီတာတွေကိုလဲ ကြည့်ဖို့ အကြံပြုသွားခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ပြည်သူ့အခွင့်အရေးနဲ့ နိုင်ငံရေးအခွင့်အရေး မညီမျှတာတွေ၊ တိုင်းရင်းသား လူနည်းစုတွေ၊ ပြည်ပကဝင်ရောက်လာတဲ့ လူနည်းစုတွေကို ဘယ်လို စုစည်းကြမလဲ၊ ကွဲပြားနေကြတာတွေကို ဘယ်လိုလက်ခံကြမလဲ၊ လုံးဝ သည်းမခံဘဲနေကြမလား၊ ပညာရေး၊ ကျန်းမာရေးနဲ့ စာနယ်ဇင်းတွေကဘယ်လို အားဖြည့်ပေးကြမလဲဆိုတာ စိတ်ဝင်စားကြပါတယ်။

နိုင်ငံတကာ အနေနဲ့လည်း ကွဲပြားမှုတွေကို လက်ခံအောင် ဝိုင်းဝန်းကူညီကြဖို့၊ ပညာရေး ပြုပြင်ပြောင်းလဲရေးတွေကို ရန်ပုံငွေ ထောက်ပံ့သလို စာနယ်ဇင်းတွေကို လေ့ကျင့်သင်ကြားပေးဖို့ ကမ္ဘာနဲ့ ဆက်ဆံတတ်တဲ့ အလေ့အထတွေ၊ အလေ့အကျင့်ဟောင်းတွေ ပွားများလာအောင် ငွေကြေးအကူအညီပေးတာတွေ ဆောင်ရွက်နိုင်တဲ့အကြောင်း ထောက်ပြသွားပါတယ်။


■

mgyoe.com

mgyoe.com


# အမေရိကန်တို့၏ တရုတ်ကြောက်ရောဂါ

ဗာဂျီးနီးယားပြည်နယ်က ဝက်ပေါင်ခြောက် ကြိုက်သူများအတွက် အမေရိကန်တို့၏ အားနည်းချက်ကြောင့် တရုတ်သူဌေးတွေ ရောမ ဝက်သားထုတ်လုပ်ရေး လုပ်ငန်းကြီးကို မကြာမီပိုင်ဆိုင်ကာ မြို့ကိုလွှမ်းမိုး ကြီးစိုး သွားတော့မည်ဖြစ်ကြောင်း ပြသနေသည်။ မြေပဲကျွေးထားသော ဝက်တွေမှ ရသည့်အသားကို ကြပ်တိုက်ပြီး ရလာသော ဒေသဖြစ် ဝက်ပေါင်ခြောက်တွေက ကိုလိုနီခေတ် ကတည်းက နာမည်ရကျော်ကြားခဲ့ခြင်း ဖြစ်သည်။ ဆိုင်ရှေ့မှာ အားကစားအသုံးအဆောင်တွေ၊ ရေစင်တွေမှာပါ ဝက်ရုပ်များနှင့်အတူ အမေရိကန်အလံတွေကို ဂုဏ်ယူယှဉ် တွဲတန်ဆာဆင်ခဲ့ကြသည်။ အကယ်၍ ဒေါ်လာ သန်းထောင်ချီတန်သော ဝယ်ယူလွှမ်းမိုးရေးအစီအစဉ် အောင်မြင်သွားမည်ဆိုလျှင် ကမ္ဘာ့အကြီးဆုံး ဝက်သားလုပ်ငန်း ဖြစ်သော Smiftield Foods သည် အမေရိကန်တွင် အခြေစိုက်သော်လည်း တရုတ်လုပ်ငန်း Shuanghui International ၏ လုပ်ငန်းခွဲတစ်ခု ဖြစ်လာတော့မည်။



mgyoe.com

mgyoe.com



အမေရိကန်နှင့် တရုတ်သမ္မတများ၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဆုံတွေ့ခြင်း မပြုမီ လေး၌ပင် အထက်ပါ သတင်းအတိုင်း အတည်ပြုစာချုပ် ချုပ်ဆိုနိုင်ခဲ့လျှင် အမေရိကန်တွင် တရုတ်နိုင်ငံ၏ အကြီးဆုံးရင်းနှီးမြှုပ်နှံမှုကြီးဖြစ်လာပြီး နောက်ထပ်လည်း အခြားရင်းနှီး မြှုပ်နှံမှုတွေ ပေါ်ပေါက်လာဦးတော့မည်။ ဤနေရာတွင် မည်သူက စီးပွားရေးအင်အား ပိုကြီးသနည်းဟု အမေးထုတ်စရာ ပေါ်လာတော့သည်။ ပြိုင်ဘက်နိုင်ငံနှစ်ခု၊ အပြန်အလှန် ယှဉ်တွဲမှီခိုနေထိုင်ရသည့် အဆင့်သစ်သို့ တက်လှမ်းချိန်တွင် မည်သူက အပေါ်စီးရနေသနည်းဟု မေးစရာဖြစ်လာသည်။ ဈေးကွက်ကို ဖွင့်ပေးမပေးကိစ္စ၊ လုပ်ငန်းလျှို့ဝှက်ချက်တွေကို အင်တာနက်မှရယူသည့် ကိစ္စများနှင့် စီးပွားရေးအရပဋိပက္ခ တွေဖြစ်နေချိန်တွင် အပြန်အလှန်မှီခိုနေရသည့် အဆင့်သည် ထူးခြားနေသည်။ နှစ်နိုင်ငံအကြား ဒီမိုကရေစီနှင့် ဥပဒေစိုးမိုးမှုတို့အပေါ် သဘောထားချင်း ကွာဟမှုများကို ထည့်၍မပြောသည့်တိုင် ခြားနားမှုတွေကြားမှ အပြန်အလှန် အားကိုးစရာတွေ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

စမစ်ဖီးလ်တွင် တရုတ်တို့ တိုးတက်ထွန်းလာခြင်းနှင့် ရည်ရွယ်ချက်တို့အကြောင်း စစ်စစ်ပေါက်ပေါက် မေးမြန်းရန်ထက် ပို၍အရေးကြီးသော ကိစ္စမရှိတော့ပေ။ ဝက်ပေါင်ခြောက် ကုမ္ပဏီသည် ဝန်ထမ်းအများဆုံး အလုပ်ပေးထားသောကုမ္ပဏီများလည်း ဖြစ်သည်။ မကြာသေးမီကအထိ တရုတ်တို့ ဘာကြောင့် ဤသို့ လုပ်ရသည်ကိုမဆွေးနွေးကြသေးပေ။

သို့သော် ဒေသခံတွေက အမေရိကန်လုပ်ငန်းရှင်တွေအကြောင်း စတင်ဆွေးနွေးနေကြပြီ။ ကုမ္ပဏီက အလုပ်အကိုင်တွေကို အာမခံပါသည်ဟု ဆိုသည်။ သို့သော် လုပ်ငန်းကြီးတစ်ခုလုံးကို နိုင်ငံခြားသားများလက်သို့ ရောင်းပြီးသည့်နောက်တွင် မန်နေဂျာတွေက ဘယ်လို ကတိ

mgyoe.com

mgyoe.com

တွေ ပေးနိုင်ကြဦးမည်နည်း။ နိုင်ငံခြားသားတွေအကြောင်းပင် သိပ်ပြီးမဆွေးနွေးဖြစ်ကြ။ အမေရိကန်ကုမ္ပဏီတစ်ခု သူတစ်ပါးလက်ထဲ ရောက်သွားသည်ကို မြင်ရသည့်အတွက် ဝမ်းနည်းပမ်းနည်း ဖြစ်နေကြသည်။ အမျိုးသမီးတစ်ယောက်ကတော့ သေသေချာချာစဉ်းစားဖို့ ကောင်းသည့် အချိန်ရောက်ပြီဟု ဆိုသည်။ သမ္မာကျမ်းစာ၌ ဘုရားသခင်ကို အမှုတော်ထမ်းရန် ပျက်ကွက်သူတို့၏ နယ်မြေကို နိုင်ငံခြားသားတို့ အရယူသိမ်းပိုက်မည်ဟု ဆိုထားသည်။ တရုတ်တို့ လွှမ်းမိုးလာခြင်းသည် အမေရိကန်တို့ ဘုရားသခင်၏ အမှုတော်ကို ကျေပွန်အောင် မထမ်းရွက်နိုင်ခြင်း၏ သာဓကတစ်ခုဖြစ်သည်။

ဆန္ဒပြမှုတွေဖြစ်မည့် ဝက်ပေါင်ခြောက်လုပ်ငန်းသည် (ပြင်သစ် ဒိန်ချဉ်ကဲ့သို့) မဟာဗျူဟာမြောက် လုပ်ငန်းဖြစ်သည်ဟု အစိုးရကို ကြေညာခိုင်းမည်ဟု မည်သူကမျှ တွက်ဆခြင်း မပြုကြ။ စိတ်ပျက် လက်ပျက်ဖြစ်နေကြပုံ ရသည်။ တချို့ကတော့ ရွှင်ရွှင်ပျပျဖြစ်ဖို့ ကြိုးစားနေကြသည်။ အမေရိကန်လုပ်ငန်းကို တရုတ်တို့ဝယ်ယူရာ၌ တရုတ်အတွက် ပိုမိုသန့်ရှင်းသော အစားအစာလိုအပ်ပြီး အမေရိကန်အတွက် ကမ္ဘာ့ဈေးကွက်လိုအပ်သည်ဟု မြို့တော်ဝန်က ဖြေသိမ့်သည်။

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှုတွေ များပြားလာလျှင် စမစ်ဖီးတွင် စက်ရုံသစ်တစ်ရုံ ထပ်ဆောက်ကောင်း ဆောက်ရမည်။ မြို့တော်ဝန်ကတော့ ဘာပဲဖြစ်ဖြစ် ကမ္ဘာပေါ်မှာ ကိုယ်မလုပ်နိုင်တာ ဘာမျှမရှိဟု အားပေးသည်။

သူ၏ လက်တွေ့ဆန်သော အမြင်ကို ချီးကျူးသည်ဆိုလျှင် အချို့သော အမေရိကန်တို့ မြင်ပုံမှာ အဆိုးမြင်တွေ လွှမ်းကဲနေသည်ဟု ဆိုရမည်။ Pew သုတေသနဗဟိုဌာန၏ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့သဘောထားများကို လေ့လာခဲ့သောစစ်တမ်း၌ အမေရိကန်တွေက ကမ္ဘာ့ စီးပွားရေးခေါင်းဆောင်မှာ အမေရိကန်ဖြစ်သည် ဖြေသူကတစ်ဝက်၊ တရုတ်ဖြစ်သည်ဟု ဖြေသူက တစ်ဝက် ရှိနေသည်။ တရုတ်လူမျိုးတွေက အမှန်အတိုင်းအမေရိကန်သည် ထိပ်တန်းနိုင်ငံဖြစ်သည်ဟု မြင်သည်။ သမ္မတအိုဘားမား၏ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးလက်ထောက်များအကြားတွင်ပင် တရုတ်တို့က ပိုမိုကြွယ်ဝချမ်းသာလာသည်ဟု အမေရိကန်တို့ နားဝေတိမ်တောင် ဖြစ်နေသည်ဟု ထင်ကြသည်။ ထိုအဆိုးမြင်တွေကို အစိုးရက မကြာခဏတွန်းလှန်ရန် ကြိုးစားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ဒုတိယသမ္မတ ဂျိုးဘိဒင်က အမေရိကန်သည် ကမ္ဘာ့သမိုင်းတွင် အချမ်းသာဆုံးနိုင်ငံဖြစ်ဆဲဖြစ်ကြောင်း၊ ပညာရေးစနစ်နှင့် လူ့အဖွဲ့အစည်းတို့ကြောင့် တီထွင်ဖန်တီးမှုများ တိုးပွားလာစေကြောင်း တက္ကသိုလ်ကျောင်းသားများအား မိန့်ခွန်း ပြောကြားခဲ့သည်။

စမစ်ဖီးစားသောက်ကုန်လုပ်ငန်း၏ အမှုဆောင်အရာရှိချုပ်ကလည်း သူ၏လုပ်ငန်းနှင့် ပတ်သက်၍ အလားတူ ယုံကြည်စိတ်ချမှုရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ စက်အားကောင်းကောင်း၊ စရိတ်သက်သက်သာသာဖြင့် ထုတ်လုပ်ရာတွင် အမေရိကန်နိုင်ငံသည် ပြိုင်ဘက်မရှိဟု ပြောဆိုခဲ့သည်။ တရုတ်ဖက်စပ်လုပ်ငန်းရှင်တွေက ကမ္ဘာကြီးကို လွှမ်းမိုးရန်


mgyoe.com

 mgyoe.com


မရည်ရွယ်။ မိမိတို့ တရုတ် လူမျိုးတွေကိုသာ အစားအသောက် ကျွေးလိုခြင်းဖြစ်သည်ဟု ဆိုသည်။ သို့သော်လည်း အမေရိကန် တို့က တရုတ်ကိုကြောက်နေမည်စိုးကြောင်း ပြောသည်။

သူပြောတာ လွန်ကောင်းလွန်နိုင်သည်။ အမေရိကန်တွေ က တရုတ်အကြောင်း ဥရောပတိုက်သားတွေထက် ပိုပြီးသိ သည်။ ထို့ကြောင့် ဟိုဘက်အိမ်မှာ ရောမလူကြီးတစ်ယောက် ရောက်နေသည်ကို ရုတ်တရက် သိလိုက်ရသလိုအဖြစ်မျိုး ဖြစ် မည်မဟုတ်။ ဂျပန်တွေဝင်လာပြီဆိုပြီး လန့်သလိုမလန့်။ တရုတ်နည်းပညာတွေက ရှေ့ရောက်နေပြီး အမေရိကန်က နောက်ရောက်နေပြီဟု ဘယ်တော့မျှမထင်။ ဝါရှင်တန်ရှိ မူဝါဒ ချမှတ်သူတွေက နှစ်စဉ်နှစ်တိုင်း တရုတ်တို့၏ စစ်အင်အားနှင့် ပတ်သက်၍သာ စိုးရိမ်ပူပန်ကြသည်။ သို့သော် အမေရိကန် ပြည်သူများက စိတ်မဝင်စား။ အမေရိကန်တွေက တရုတ်နှင့် ပတ်သက်သော စိုးရိမ်ပုံတွေက တစ်မျိုးတစ်ဖုံ ဖြစ်နေသည်။

တရုတ်နိုင်ငံအကြောင်းပြောကြလျှင် ကမ္ဘာဆန်လာခြင်း နှင့် ဆက်၍မြင်ကြသည်။ လက်ဝဲစွန်းရောက် သူတွေကလောဘ ကြီးသော အမေရိကန်သူဌေးတွေကြောင့် အလုပ်တွေ အမေ ရိကန်အပြင်ဘက် ရောက်ကုန်ကြသည်ဟု မြင်သည်။ ကိုယ့် အလုပ်သမားတွေ အကျိုးကို မကြည့်ဟု မြင်သည်။ အမေရိကန်



mgyoe.com

mgyoe.com

အများစုအတွက် တရုတ်ဆိုသည်မှာ သူတို့အလုပ်တွေကို ယူသွားသည်ဟုမြင်ကြောင်း၊ အိုဘားမားက သူ့လက်ထောက်တွေကို ပြောပြသည်။ အထူးသဖြင့် စက်ရုံအလုပ်တွေ တရုတ် ရောက်သွားသည်။ သူ၏ ပထမသမ္မတသက်တမ်းတွင် အမေရိကန်တွင် အလုပ်အကိုင်တွေ ဖန်တီးပေးရေး၊ အလုပ်အကိုင်တွေ ပြန်ရောက်လာရေးအတွက် ကုမ္ပဏီတွေကို မြှင့်တင်ကာ သန်းချီအလုပ်ရစေသည့် တရုတ်ရေးရာမူဝါဒကို ချမှတ်နိုင်ရန် ထပ်တလဲလဲ ကြိုးစားခဲ့သည်။ တကယ်တော့ ထိုမျက်လှည့်ပြသလိုလုပ်ပေးမည့် မူဝါဒမရှိခဲ့ပါ။ လက်တွေ့ကျကျ စီးပွားရေးအရ ဆက်ဆံမည့်နည်းလမ်းကိုသာ ရှာဖွေကာ တိတ်တိတ်ဆိတ်ဆိတ် အသိအမှတ်ပြုခဲ့သည်။

တစ်ဖက်တွင် ရီပတ်ဘလစ်ကင်က အမတ်တွေက တရုတ်နိုင်ငံ၏ ခြိမ်းခြောက်မှုသည် အမေရိကန်တို့၏ ပြည်သူ့အကြွေးနှင့်ပတ်သက်သည်။ ဆင်းရဲသားတွေကို ထောက်ပံ့ကြေးနှင့် အခြားလက်ဆောင်တွေပေးကာ အိုဘားမားပဲ ဝယ်ခဲ့သည်။ ထိုသို့ဖြင့် နိုင်ငံခြားမြီရှင်တွေအပေါ် အမေရိကန်တို့ အကြွေးတင်ခဲ့ရခြင်းဖြစ်သည်ဟု မြင်ကြသည်။

တရုတ်နှင့်ပတ်သက်သော နိုင်ငံရေးအငြင်းအခုံများသည် စမစ်ဖီးလ်က အငြင်းအခုံများနှင့်တူသည်။ အမေရိကန်နှင့် ပြည်တွင်းအားနည်းမှုတွေအကြောင်း တွက်ဆငြင်းခုံနေကြခြင်း ဖြစ်သည်။

အလားတူစွာပင် တရုတ်နိုင်ငံရေးသမားတို့ကလည်း ပြောင်းပြန်လုပ်ကြသည်။ တရုတ်နိုင်ငံ၏ဖွံ့ဖြိုးမှုနှင့် သန္နိဋ္ဌာန်ကို အမေရိကန်တို့က ဘက်ပေါင်းစုံမှ စမ်းသပ်နေကြသည်ဟု ယူဆကြသည်။ ပထဝီနိုင်ငံရေး ပြိုင်ဘက်နိုင်ငံကြီးနှစ်ခု ယှဉ်တွဲနေထိုင်ရန်ဆိုလျှင် ရပ်ပြောင်းတွေဆွဲ၊ ကိုယ်တွေးချင်ရာတွေ တွေးနေ၍မပြီး။ တစ်ဖက်သားကို နားလည်ရန် ကြိုးစားဖို့လိုအပ်သည်။ ဘယ်အရာမဆို စမ်းသပ်ကြည့်ရန်အတွက် သူတို့နှစ်နိုင်ငံသည် သိပ်လည်ကြီးမားကာ သိပ်လည်းနီးကပ်လာခဲ့ကြသည်။

■

mgyoe.com

mgyoe.com

# ကမ္ဘာ့နိုင်ငံရေး စီးပွားရေးအလယ်က မြန်မာနိုင်ငံ

ကမ္ဘာ့ နိုင်ငံရေး စီးပွားရေး အဝန်းအဝိုင်းထဲမှာ၊ မြန်မာနိုင်ငံဟာ ဘယ်လိုနေရာကနေမှာလဲ၊ ဘယ်လိုဖွံ့ဖြိုးရေးပုံစံတွေကို ချမှတ်ကြမလဲဆိုတာ၊ ဩစတြေးလျနိုင်ငံ၊ ဘွန်းတက္ကသိုလ်ပါမောက္ခ ဒေါက်တာ ဂျွန်နသန်ပင်းက အခုလိုထပ်ပြီး ပြောသွားခဲ့ပါတယ်။

ကမ္ဘာ့စီးပွားရေး အဝန်းအဝိုင်းမှာ ဥရောပပုံစံကိုပဲ ကမ္ဘာ့ပုံစံအနေနဲ့ အလွယ်တကူ ခေါ်လိုက်ကြတာပါ။ ဥရောပနိုင်ငံရေးဘောဂဗေဒပုံစံဟာ၊ ကမ္ဘာ့နိုင်ငံရေးဘောဂဗေဒပုံစံ ဖြစ်လာတယ်။ ဒီပုံစံမှာ အဓိကအနေနဲ့ အလျှော့ပေးလိုက်လျောတာ၊ ဇွဲစပ်ဆွေးနွေးတာ၊ အခွန်အကောက်နိမ့်တာ၊ စွမ်းရည်မြင့်မားတဲ့ အုပ်ချုပ်ရေးရှိတာ၊ တရားဥပဒေရဲ့ စိုးမိုးမှုရှိတာတွေ ပါဝင်ပါတယ်။ ဒီပုံစံကိုမှ၊ လွတ်လပ်တဲ့ပုံစံနဲ့ အစိုးရက ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်ဆောင်ရွက်တဲ့ပုံစံဆိုပြီး ကွဲပြားနေပါသေးတယ်။

နောက်ပုံစံတစ်ခုကတော့ ခေတ်သစ်ကုန်သည်စီးပွားဝါဒဆိုပြီး ဆိုရှယ်လစ်အစိုးရတွေ၊ တခြားအစိုးရတွေ



mgyoe.com

mgyoe.com

က စီးပွားရေးမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်တဲ့စနစ်ပါ၊ မာ့က်စ်ဝါဒ အနေနဲ့ကတော့ ကမ္ဘာမှာ အတော်လေး မှေးမှိန်သွားခဲ့ပါပြီ။ ကမ္ဘာ့ဖွံ့ဖြိုးရေး အစီအစဉ်တွေကတော့၊ ရလဒ်တွေဖြစ်တဲ့ စာတတ်မြောက်မှုတို့ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေး၊ လုံခြုံစွာနေထိုင်ရေးတွေကို စဉ်းစားတယ်။ အခုအခါမှာ လုံခြုံရေးလို့ပြောရင် လူတစ်ဦးတစ်ယောက်ရဲ့ လုံခြုံရေးကိုပါ အလေးထားပြောလာကြတာ တွေ့ရပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ရင် ဖျားသေနှုန်းတို့၊ ကာကွယ်ဆေးထိုးဖို့တို့ဆိုတဲ့ ကိစ္စတွေပါတယ်။

မြန်မာနိုင်ငံအနေနဲ့တော့ အတိတ်ကခွဲထွက်ပြီး အနာဂတ်ကို ဦးတည်နေတာဖြစ်တယ်။ ကုန်သွယ်စီးပွားဝါဒအောက်မှာဆိုရင် လုံခြုံရေးကို ဦးတည်တာ အစိုးရက ဝင်ပါတာ၊ ကိုယ်အား ကိုယ်ကိုး၊ ကိုယ်ထူ ကိုယ်ထ စိတ်ဓာတ်ပြင်းပြတာ၊ ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို တစ်ယောက်ကောင်းစားရင် တစ်ယောက်ဒုက္ခရောက်မယ့် စနစ်လို့ မြင်တာတွေရှိပြီး၊ လွတ်လပ်တဲ့နိုင်ငံတကာ ကုန်သွယ်ရေးစနစ်ကို လိုလားတဲ့လူတွေကတော့ အပြန်အလှန် မှီခိုနေရတဲ့ ကမ္ဘာကြီးလို့ မြင်တယ်။ ကမ္ဘာ့ဈေးကွက်ကြီးကို အားလုံးက မှီခိုအားထားနေကြရတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်မှုအတွက်ဆိုရင်လည်း ကမ္ဘာ့ကူးသန်းရောင်းဝယ်ရေးစနစ်ကို မှီခိုနေရတယ်။ ဒါပေမဲ့လည်း အင်အားကြီးနိုင်ငံတွေရဲ့ လွှမ်းမိုးမှုကို ခံရတယ်။

ခေတ်သစ်ကုန်သွယ်စီးပွားဝါဒ (New-Mercantilism) ဆိုတာက ဂျပန်နဲ့ စက်မှုနိုင်ငံသစ်တွေကျင့်သုံးခဲ့တဲ့ မူဝါဒဖြစ်တယ်။ ပို့ကုန်တင်ပို့ရေးကို အလေးပေးတယ်၊ ကုန်ကြမ်းတွေ စွမ်းအားစုတွေတင်သွင်းပြီး ကုန်ချောတွေ တင်ပို့တယ်၊ စီးပွားကုန်သွယ်ဝါဒနဲ့ လွတ်လပ်သောကုန်သွယ်ရေး လုပ်ချင်တာကိုပေါင်းပြီး ခေတ်သစ်ကုန်သွယ် စီးပွားဝါဒလို့ သတ်မှတ်ကြပါတယ်။

တရုတ်နိုင်ငံကိုတော့ ဆိုရှယ်လစ်အစိုးရက လမ်းညွှန်ဦးတည်မှုပေးတဲ့ ဈေးကွက်အရင်းရှင်စနစ်ကို ကျင့်သုံးတယ်လို့ ရှုမြင်ကြတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးပုံစံဟာ တစ်ဦးကျ ဝင်ငွေလည်း မြင့်မားအောင်၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းတွေလည်း တက်လာ၊ မျှော်မှန်းသက်တမ်းတွေလည်း မြင့်လာတာတောင်မှ လူဦးရေတိုးနေတဲ့ကြားထဲက ဖြစ်တာဆိုတော့ အောင်မြင်တယ်လို့ပဲ သုံးသပ်ရမှာပေါ့။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ အအောင်မြင်ဆုံးပုံစံလို့တောင် ပြောလို့ရသေးတယ်။ အိန္ဒိယနဲ့ယှဉ်ရင် အခြေခံအဆောက်အအုံတွေ၊ လမ်းပန်းဆက်သွယ်ရေးတွေအတွက် လိုမ့်သုံးနိုင်တယ်။ ကမ္ဘာအရပ်ရပ်က ကုန်ကြမ်းတွေ လောင်စာတွေရယူတယ်။ ဒါပေမဲ့လည်း ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပဲ ဂရုစိုက်လို့၊ ခြိမ်းခြောက်မှုတစ်ခုအနေနဲ့လည်း ရှုမြင်နိုင်တယ်။

ကမ္ဘာ့ဆန်နေတဲ့ လောကကြီးထဲမှာ မြန်မာနိုင်ငံအနေနဲ့ ပုံစံတစ်ခုကို ကူးချဖို့ မကောင်းဘူး၊ ရောမွှေကြည့်ရင်ကောင်းမလား၊ ဘယ်လိုရောမွှေကြမလဲ၊ နှစ်ဘက်အမြင်တွေကနေ သေသေချာချာ စဉ်းစားဆွေးနွေးပြီး၊ အမှန်တရားတွေ ပေါ်ထွက်လာတဲ့နည်းကို သုံးဖို့ သူက အကြံပြုတယ်။ ကိုယ့်နိုင်ငံရဲ့ စရိုက်လက္ခဏာတွေ၊ ဒေသရဲ့အထာတွေနဲ့ ကမ္ဘာ့စနစ်ကိုပေါင်း

mgyoe.com

စပ်ပြီး၊ ပြည်တွင်းမှာ နေထိုင်တဲ့သူတွေ အကျိုးရှိတဲ့ စနစ်တစ်ခု ဖြစ်ရမယ်။ နိုင်ငံသားတွေ အားလုံးလူမှုရေးနိုင်ငံရေး လှုပ်ရှားဆောင်ရွက်သူတွေက ဖြစ်နိုင်တဲ့၊ လက်တွေ့ လည်ပတ်နိုင်တဲ့၊ နိုင်ငံရေး စီးပွားရေး အဆောက်အအုံတစ်ခုကို တည်ဆောက်ရမယ်လို့ ပညာရှင် (Payne) ရဲ့ အဆိုပြုချက်တစ်ခုလို သူက ကောက်နုတ်ဖော်ပြတယ်။

ဒါဖြင့် မြန်မာနိုင်ငံက ဘာလုပ်ရမလဲ။

သူ့ရဲ့အကြံပြုချက်အရဆိုရင် –

– မြန်မာနိုင်ငံဟာ အလျှော့ပေး စေ့စပ်ဆွေးနွေးညှိနှိုင်းမှုတွေ၊ နိမ့်ကျတဲ့ အခွန်နှုန်းတွေ၊ ထိရောက်တဲ့ စွမ်းရည်မြင့်မားတဲ့ အုပ်ချုပ်ရေးတွေ လိုအပ်တယ်။ အလျှော့ပေး စေ့စပ်ညှိနှိုင်းမှုများမှာ

– အစိုးရရယ်၊ စီးပွားရေးလုပ်ငန်းတွေရယ်၊ ပြည်သူတွေရယ် အားလုံး ပါဝင်ကြတယ်။ ရလဒ်ကောင်းတွေ ထွက်ပေါ်ဖို့ ကောင်းမွန်တဲ့ နိုင်ငံရေး၊ စီးပွားရေးတွေ လိုအပ်တယ်၊ ဒါတွေက လုံခြုံရေး ပြီးတော့ အခြေခံအဆောက်အအုံ။ စီးပွားရေးကဏ္ဍမှာ၊ သူက အများကြီး ပညာတတ်စရာမလိုတဲ့၊ ဆောက်လုပ်ရေးလုပ်ငန်းတွေကို သဘောကျတယ်။ ဆောက်လုပ်ရေးဆိုတာ လုပ်ငန်းတွေ အမြဲရှိနေမယ်၊ ဝန်ထမ်းတွေ အမြဲလိုတယ်။ ကျွမ်းကျင်မှု နည်းနည်းမြင့်လာရင်၊ စက်ရုံလိုနေရာတွေကို ကူးပြောင်းသွားနိုင်တယ်။ လယ်ယာလုပ်ငန်းတွေက ပိုလျှံလာတဲ့ လုပ်သားတွေကလည်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အများဆုံး ဝင်ရောက်နိုင်တယ်လို့ သူက တွက်ဆတယ်။

– ကမ္ဘာ့စီးပွားရေးအဆောက်အအုံနဲ့ ပေါင်းစပ်ဖို့ဆိုရင်၊ လုပ်ခသက်သာတဲ့ လုပ်အားကိုသုံးပြီး၊ ကမ္ဘာ့ဈေးကွက်ကို ဝင်ရောက်ဖို့၊ နိုင်ငံစုံကုမ္ပဏီကြီးတွေ ဆီကနေ၊ အရင်းအနှီးနဲ့ နည်းပညာတွေ ရယူဖို့၊ ဒေသနဲ့ ကမ္ဘာ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့တွေ၊ အကြံပြုသွားတာ တွေ့ရပါတယ်။

■


mgyoe.com

mgyoe.com

# တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း (၁)နှင့် ပတ်သက်၍ ထင်မြင်ချက်နှင့် အကြံပြုချက်များ

နိဒါန်း

၁။ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတွင် အဓိကအချက်ဖြစ်သော လယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးသည် သမ္မတဦးသိန်းစိန်၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင် ထိပ်တန်းဦးစားပေး အစီအစဉ်တစ်ခု ဖြစ်ပါသည်။ သို့ဖြစ်၍ လွှတ်တော်က ဤဥပဒေကြမ်းကို တင်ပြခြင်းသည် အလွန်တရာကြိုဆိုထိုက်သောလုပ်ရပ် ဖြစ်ပါသည်။ မြန်မာပြည်သူပြည်သားများနှင့် နိုင်ငံတကာ အဝန်းအဝိုင်းကို အစိုးရ၏အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍကြီးသုံးခုတို့က နိုင်ငံနှင့်ပြည်သူများအတွက် အရေးကြီးသည့် အဓိကစီးပွားရေးရည်မှန်းချက် ရရှိရေးကို အတူတကွဆောင်ရွက်နေကြောင်းပြသနိုင်သည့် အခွင့်အလမ်းလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးခရီးတွင် ထူးခြားသော ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါသည်။



mgyoe.com

mgyoe.com

၂။ ထို့ကြောင့် ဤဥပဒေကြမ်းမှ ရလဒ်ကောင်းများထွက်ပေါ်နိုင်ရန် အရေးကြီးပါသည်။ ရလဒ်ကောင်းများသည် ခိုင်ခိုင်မာမာ ပီပီပြင်ပြင်ရှိရပါမည်၊ မြင်သာထင်သာရှိရပါမည်၊ လယ်သမားထုက သူတို့၏အကျိုးစီးပွားကိုမြှင့်တင်ပေးနိုင်မည်ဟု ယုံကြည် လက်ခံနိုင်သော ဥပဒေမူကြမ်း ဖြစ်ရပါမည်။

၃။ ဤရည်မှန်းချက်ကို ရရှိရေးအတွက် ထင်မြင်ချက်များ၊ အကြံပြုချက်များကို ဆက်လက်ဖော်ပြပါမည်။ ဥပဒေကြမ်းတွင်ပါဝင်သော အငြင်းပွားဖွယ်ရာ အချို့သော ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ထပ်မံစဉ်းစားနိုင်ရန် ရည်ရွယ်၍တင်ပြခြင်း ဖြစ်ပါသည်။ ထို့အပြင် လွှတ်တော်အတွင်း၌လည်းကောင်း၊ လွှတ်တော်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များအတွင်း၌လည်းကောင်း အဓိပ္ပာယ်ရှိရှိဆွေးနွေးကာ အမြင်ချင်းဖလှယ်နိုင်စေမည် ဖြစ်ပါသည်။ ဤသို့ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပြန်အလှန်ထိထိ ရောက်ရောက်ထိန်းကျောင်းနိုင်ရန် ကဏ္ဍကြီးသုံးရပ်တို့၏အမြင်များ၊ စိုးရိမ်ပူပန်မှုများကို ထိုက်သင့်သလို တင်ပြနိုင်ရန်လည်း လိုအပ်ပါသည်။ ထို့အပြင် ဥပဒေမူကြမ်းကို သင့်တော်သလို ပြင်ဆင်၊ အတည်ပြုပြီး မြန်မာပြည်သူပြည်သားများ၊ အထူးသဖြင့် ကျေးလက်နေသူများအနေဖြင့် နားလည်လွယ်ပြီး ၎င်းတို့၏ အဓိကစိုးရိမ်ပူပန်မှုများကိုလည်း ဖြေရှင်းပေးနိုင်၍ အားလုံးက ထောက်ခံကြိုဆိုနိုင်မည့် ဥပဒေဖြစ်သင့်ပါသည်။ ဤရည်ရွယ်ချက်ဖြင့်ဥပဒေမူကြမ်းတွင်ပါဝင်သော ပြန်လည်သုံးသပ်ဆင်ခြင်ရန် လိုမည့်ပုဒ်မများကို လေ့လာခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ပါသည်။ လယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်ရန်အတွက် ဥပဒေမူကြမ်းတွင် မပါဝင်သော်လည်း ပါဝင်သင့်၊ပါဝင်ထိုက်သော ပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်းရန် အကြံပြုထားပါသည်။

၄။ အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် – ပုဒ်မ ၂ ( c) တောင်သူလယ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

၅။ ပုဒ်မခွဲ ၂(c)(၁) မှ ၂(c) (၄) အထိလယ်သမားများ၏ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အကူအညီ အလွန်အမင်းလိုအပ်နေသော၊ အဆင်းရဲဆုံး လယ်ယာမဲ့လယ်ယာ လုပ်သားများကို အထူးထည့်သွင်း ဖော်ပြသင့်ပါသည်။

၆။ ၂(c) (၅)တွင်'လယ်သမား'ဟု အဓိပ္ပာယ်ဖွင့်ဆိုရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများ ပါဝင်နေသည်ကို တွေ့ရပါသည်။

၇။ ပုဒ်မ ၂ (စ) တွင်အထက်၌ ဖော်ပြခဲ့သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုသတ်မှတ်ထားပါသည်။ ဤအဓိပ္ပါယ်သတ်မှတ်ချက်အရ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ တရားဝင်ပူးတွဲပိုင်ဆိုင်သည်ဖြစ်စေ၊ ကုမ္ပဏီဖွဲ့စည်း၍ဖြစ်စေ လုပ်ဆောင်သောလုပ်ငန်းများ ပါဝင်သည်။ ပုဂ္ဂလိကလုပ်ငန်းများနှင့် ကုမ္ပဏီများကို လယ်သမားအဖြစ် စာရင်းသွင်းခြင်းနှင့် ၎င်းတို့၏အကျိုးစီးပွားကို အဘယ်ကြောင့် ဥပဒေဖြင့် မြှင့်တင်ရန်လိုအပ်သည်တို့ကို လွှတ်တော်တွင် သေသေ

mgyoe.com

mgyoe.com

ချာချာ ဆွေးနွေးသင့်ပါသည်။ ကျေးလက်နေ ဆင်းရဲသားများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးမည့်လုပ်ငန်းများသည် ကျေးရွာသူ၊ ကျေးရွာသားများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် မိသားစုပိုင်ဆိုင်ငယ်များသာ ဖြစ်ပါလိမ့်မည်။ ၎င်းတို့သည် စိုက်ပျိုးရာသီမဟုတ်သည့် အချိန်တွင် ဆင်းရဲသားမိသားစုများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိစေမည့်၊ လယ်ယာလုပ်ငန်းခွင်ပြင်ပ အလုပ်အကိုင်များကို ဖန်တီးပေးမည့် ဆိုင်ငယ်လေးများ ဖြစ်ပါသည်။

၈။ ပုဒ် မ ၂ (ဈ) သွင်းအားစု၏အဓိပ္ပာယ်ဖွင့်ဆိုချက် – သွင်းအားစုဟုဆိုရာတွင် မြေပြင်ချိန်မှစ၍ လယ်ယာထွက်ကုန်များ ဈေးကွက်ရောက်သည်အထိ ကုန်ကျသောစရိတ်အားလုံးပါဝင်သည်ဟု သတ်မှတ်ထားပါသည်။ လွှတ်တော်အနေဖြင့် လယ်မြေလုပ်ငန်းတွင် လိုအပ်သော သွင်းအားစုစရိတ်များ (On-farm Input Costs) နှင့် လယ်ယာမြေပြင်ပမှ ကုန်ကျသောစရိတ်များ (Off-farm Input Costs) ဟူ၍ ရှင်းရှင်းလင်းလင်းခွဲခြားရန် လိုအပ်ပါသည်။ လယ်သမားများအတွက် အကျိုးစီးပွားများပြားစေရန် လိုအပ်သော သွင်းအားစုများရှိပါသည်။ ထိုသွင်းအားစုများသည် လယ်မြေလုပ်ငန်းတွင် အသုံးပြုရသော သွင်းအားစုများဖြစ်ပါသည်။ လယ်ယာမြေပြင်ပတွင် ကုန်ကျသောစရိတ်များကို အရောင်းအဝယ်ဖြစ်မြောက်ရန် ကုန်ကျသောစရိတ်များ (Transaction Costs) ဟုခေါ်ပါသည်။ ထိုစရိတ်များသည်ကြားလူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ ရောင်းဝယ်ဖြန့်ဖြူးရေး၊ အဆင့်ခွဲခြားသတ်မှတ်ရေး၊ ကြိတ်ခွဲရေး၊ ဆိပ်ကမ်းစရိတ်များ ပေးချေရေး၊ ထို့ပြင် အငယ်တန်းအရာရှိများအား လက်ဖက်ရည်ဖိုး၊ အကြီးတန်းအရာရှိများအတွက် အထူးလက်ဆောင်နှင့် အလှူဒါနများပေးရေးတို့အတွက် ကုန်ကျသောစရိတ်များ အစရှိသည်တို့ပါဝင်ပါသည်။ ထိုစရိတ်များ အားလုံးကို ပေါင်းလိုက်သောအခါ ဆန်စပါးလုပ်ငန်းတွင် နောက်ဆုံးစားသုံးသူတွေ ပေးရသော ဆန်ဈေး၏ ၂၀%ကိုသာ လယ်သမားတွေကရရှိသည်ဟု ခန့်မှန်းချက်များရှိပါသည်။ ကျန်သည့် ၈၀%သည် အရောင်းအဝယ်ဖြစ်မြောက်ရန် ကုန်ကျသောစရိတ်များဖြစ်ပါသည်။ သို့ဖြစ်၍လယ်သမားများ၏ အကျိုးစီးပွားကိုမြှင့်တင်ရန်အတွက် လယ်မြေလုပ်ငန်းတွင် ကုန်ကျသောသွင်းအားစုအတွက် စရိတ်များကိုသာ အလေးပေးသင့်ပါသည်။ ဥပဒေကြမ်းတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အရောင်းကွင်းဆက်ကြီး တစ်ခုလုံးနှင့် သက်ဆိုင်သည့် စရိတ်များကို အာရုံမစိုက်သင့်ပါ။

၉။ လယ်မြေလုပ်ငန်းတွင် အသုံးပြုရသော သွင်းအားစုစရိတ်များကို လယ်ယာမြေပြင်ပတွင် သုံးရသော သွင်းအားစုစရိတ်များနှင့် ခွဲခြားစဉ်းစားရာ၌ အကျိုးရှိစွာ ဆောင်ရွက်နိုင်သည့် ကိစ္စများရှိပါသည်။ ဥပမာ –လယ်သမားများ ဆန်ဈေးနှုန်းမှရသော အချိုးအစား၏ ၂၀% မှ ၄၀% အထိတိုးပွားစေရန် ဆောင်ရွက်ခြင်းနှင့်တစ်ချိန်တည်းမှာပင် လယ်သမားမဟုတ်သူများ၏ ဝေစုကို ၈၀% မှ ၆၀% သို့လျှော့ချခြင်းမျိုး ဖြစ်ပါသည်။

mgyoe.com

mgyoe.com

ထိုသို့ဆောင်ရွက်နိုင်လျှင် အားလုံး၏ အကျိုးစီးပွားကိုမြှင့်တင်ရေးအတွက် ဆန်ဈေးတင်ရန် ဈေးကွက်အတွင်းသို့ ဝင်ရောက်စွက်ဖက်စရာ လိုအပ်မည်မဟုတ်ပါ။ ပိုမို၍ မြင်သာထင်သာရှိခြင်း၊ တာဝန်ယူပြခြင်း၊ အကျင့်ပျက်မှုကို တိုက်ဖျက်ခြင်းဟူသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများက အရောင်းကွင်းဆက်တစ်လျှောက်ရှိ အုပ်ချုပ်ရေးနှင့် ဗျူရိုကရေစီဆိုင်ရာ လက်ဖက်ရည်ဖိုး၊ ထမင်းဝိုင်းဖိုးတွေကို လျှော့ချပေးနိုင်လျှင်လည်း အရောင်းအဝယ်ဖြစ်ရန် လိုအပ်သောစရိတ်တွေ လျော့သွားမည်။ ဤသို့ဖြင့် လယ်သမားများသာမက ကြားလူများနှင့် စီးပွားရေးလုပ်ငန်းရှင်များလည်း အကျိုးရှိနိုင်ပါသည်။

၁၀။ အခန်း (၂) ရည်ရွယ်ချက်များ

၁၁။ ပုဒ်မ ၃(ဂ)၌ တောင်သူလယ်သမားများ၏ ထုတ်ကုန်ပစ္စည်းများ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရေးတို့အတွက် ကူညီဆောင်ရွက်ရန်ဟု ဆိုထားသည်။ ဤပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ လွတ်တော်အနေဖြင့် သေသေချာချာစဉ်းစားစရာများ ရှိပါသည်။ လွန်ခဲ့သောနှစ်ငါးဆယ်ခန့်အတွင်း လယ်ယာထွက်ကုန်နှင့် အခြား အခြေခံလိုအပ်ချက်များအတွက် အုပ်ချုပ်ရေးနည်းဖြင့် ဈေးနှုန်းသတ်မှတ်ခဲ့ခြင်းသည် မြန်မာ့စီးပွားရေးကိုဖျက်ဆီးခဲ့သော အကြောင်းတရားတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံသည်လည်း အာရှတိုက်တွင် အဆင်းရဲဆုံးသူများ ပေါကြွယ်ဝရာနိုင်ငံတစ်နိုင်ငံ ဖြစ်သွားစေခဲ့ပါသည်။ သို့ဖြစ်ရာ လွန်ခဲ့သည့်အနှစ် ၅၀က မအောင်မြင်ခဲ့သည့်ကိစ္စကို ယခု အဘယ်ကြောင့် အောင်မြင်နိုင်ကြောင်း ယုံကြည်လက်ခံနိုင်စရာ အထောက်အထားများ ထုတ်ဖော်ရန်လိုအပ်နေပါသည်။ ဈေးကွက်စီးပွားရေးစနစ်ကိုတည်ထောင်ရန် သန္နိဋ္ဌာန်ချမှတ်ခြင်းနှင့်ယင်းအတွက် လိုအပ်သောမူဝါဒများကို နောက်ပြန်ဆွဲခြင်းဟုလည်း အဓိပ္ပာယ်ကောက်နိုင်ပါသည်။ တန်းတူညီမျှဖြစ်ရေးနှင့် လူမှုရေးတို့ကိုလည်း ထည့်သွင်းစဉ်းစားရန် အမှန်တကယ်ပင် လိုအပ်ပါသည်။ လယ်သမားအတွက် သင့်တင့်မျှတသော ဈေးနှုန်းသည် လယ်ယာထွက်ကုန်ကို စားသုံးသောသာမန်လူများ၊ ဆင်းရဲသားများအတွက် သင့်တင့်မျှတသည်ဟု မဆိုနိုင်ပါ။ စားသုံးသူများ၏ အကျိုးစီးပွားကိုလည်း ကြည့်ရပါမည်။ ထိုသူတို့အတွက် လိုအပ်သည့်ပြဋ္ဌာန်းချက်များကိုလည်း ဥပဒေမူကြမ်းတွင် ထည့်သွင်းပြဋ္ဌာန်းရပါမည်။ ထိုသို့မဟုတ်ပါက လူမှုမငြိမ်မသက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုသဟဇာတဖြစ်ရေးတို့အတွက် ယခုကဲ့သို့ ကြိုးပမ်းအားထုတ်နေချိန်တွင် လူမှုမငြိမ်မသက်မှုများ မဖြစ်သင့်ပါ။

၁၂။ အခန်း ၃၊ ပုဒ်မ ၄ ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ၎င်း၏လုပ်ငန်းတာဝန်များ

၁၃။ အစိုးရအဖွဲ့သည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဗဟိုအဖွဲ့ကို အစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အခြားသင့်တော်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်ဖွဲ့စည်းရန် အဆိုပြုထားပါသည်။

၁၄။ ၄ (က) မှ ၄ (ဏ) အထိပုဒ်မခွဲများတွင် ဝန်ကြီးဌာန ၇ ခု၊ ပုဂ္ဂလိကစီးပွားရေး

mgyoe.com

mgyoe.com

အဖွဲ့အစည်း ၇ ခုနှင့် အခြားသင့်လျော်သည့်အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များတို့ဖြင့် ဗဟိုအဖွဲ့ကို ဖွဲ့စည်း မည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ပုဂ္ဂလိကစီးပွားရေး အသင်း ၇ ခုတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဆန်စပါး၊ ပဲ–နှမ်း၊ ငါးနှင့်မွေးမြူရေး၊ ဘဏ်လုပ်ငန်းရှင်များ၊ တောင်သူလယ်သမား ကိုယ်စားပြု အဖွဲ့ အစည်းများ ပါဝင်ပါသည်။ ဗဟိုအဖွဲ့သည်၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များ၊ လယ်သမားအသင်းအဖွဲ့ ကိုယ်စားလှယ်များကြောင့် ပေါ်ပေါက်လာနိုင်သည့် အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်ပေါ်မှု (conflict of interest) များကို ကာကွယ်တားဆီးရန် လိုအပ်ပါသည်။ လယ်သမား ကိုယ်စားလှယ်များက ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက် ရောက်မြှင့်တင်ရန် ဆောင်ရွက်ဖို့လည်း လိုအပ်ပါသည်။

၁၅။ ပုဒ်မ ၅ တွင် ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားသည်။

၁၆။ ပုဒ်မ ၅ (ဃ) နှင့် ၅ (င) တွင် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (Agriculture Marketing Committee) '၃' ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ထားပါသည်။

၁၇။ သို့သော်လည်း အခန်း ၆ ပုဒ်မ၁၆ မှ ၂၁ အထိ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏ တာဝန်များ၊ လုပ်ငန်းများကို ပိုမိုတိကျစွာ ပြဋ္ဌာန်းထားပါသည်။ ၎င်းတို့ကို ဆက်လက် တင်ပြဆွေးနွေးပါမည်။

၁၈။ ပုဒ်မ ၁၆ – တောင်သူလယ်သမားများက ကောက်ပဲသီးနှံများကို ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သို့ တိုက်ရိုက်ရောင်းချလိုက ရောင်းချနိုင်သည်။

၁၉။ ပုဒ်မ ၁၇ (က) – ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် ဝယ်ယူမည့်ကောက်ပဲသီးနှံ အမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို ဗဟိုအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြကာအတည်ပြုချက်ရယူရမည်။ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် သတ်မှတ်၍ ဝယ်ယူနိုင်သည်။

၂၀။ ပုဒ်မ ၁၇ (ခ) –ပုဒ်မ ၁၇ (က) တွင်ပြဋ္ဌာန်းထားသကဲ့သို့ ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့က သတ်မှတ်သော ဈေးနှုန်းအတိုင်း တောင်သူလယ်သမားများက ရောင်းဝယ်ရန် မလိုအပ်ပါ။ ထို့ပြင် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏ လုပ်ရပ်များသည် တောင်သူ လယ်သမားများ၏ လွတ်လပ်စွာရောင်းဝယ်ခွင့်ကို မည်သည့်နည်းနှင့်မျှ ထိခိုက်ခြင်း မရှိစေရပေ။

၂၁။ ပုဒ်မ ၁၈ –ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် ပြည်တွင်းပြည်ပဈေးကွက်သစ် ရှာဖွေရေး၊ ဈေးကွက်သတင်းစုဆောင်းရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရ ဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရမည်။

mgyoe.com